စိတ်ကူးချိုချိုအနုပညာ၊

ဓမ္မပဒ၏ သင်ကြားချက်ကို ယခုခေတ်
စိတ္တဗေဒပညာက ထောက်ခံနိုင်သည်။
လူတိုင်း၏ ပြဿနာအမျိုးမျိုးနှင့် စပ်လျဉ်း၍
ဓမ္မပဒကသာ ပြေလည်စွာ ဖြေဆိုနိုင်မည်။

# ဓမ္မပဒ

ဦးသော်ဇင်
မြန်မာပြန်



ပြန်လည်ရိုက်နှိပ်ခြင်း

စာချုပ်၊ မဟာမိတ်စာချုပ်စသည် ပြုလုပ်ခြင်းမှာ အလွန်ကောင်းသော အလုပ်များ ဖြစ်ကြလေသည်။ သို့ရာတွင် ထိုသို့ ပြုလုပ်ကြခြင်းသည် အရင်းခံ အတွင်းမီးကို ငြိမ်းအောင် မသတ်ဘဲ အပြင်မီးကိုသာ ငြိမ်းအောင် အားထုတ်သည်နှင့် တူလေသည်။ အမြစ်ပြတ်အောင် မကုဘဲ အပေါ်ယံမျှကိုသာ ဖောက်ခွဲ၍ လိမ်းဆေး တင်သဖြင့် ပျောက်ကင်းသည်ထင်ရသော အနာသည် မကြာခင် ပြန်ထမည်မှာ မလွဲသကဲ့သို့ ဖြစ်လေသည်။

အပြင်မီးများ အရင်းခံလောဘ၊ ဒေါသ၊ မောဟတည်းဟူသော အတွင်းမီးကို ငြိမ်းစေနိုင်သည်မှာ ဘုရားဟော တရားတော် တည်းဟူသော ရေအေးတခုသာလျှင် ဖြစ်၏။ လူအများ စိတ်ဆင်းရဲ ဖြစ်ရခြင်း တည်းဟူသော အနာရောဂါကို အမြစ်ပါမကျန် ပျောက်ကင်းစေနိုင်သော ဆေးမှာ ဘုရားဟော တရားတော် တည်းဟူသော ဆေးတခုသာရှိ၏။

ထိုတရားရေအေး အမြိုက်ဆေးကို ပေးနိုင်သော ဓမ္မပဒ ပါဠိတော်သည် အရှေ့နိုင်ငံ ဗုဒ္ဓဘာသာများ အတွက် နေလအသွင် အလွန်ထင်ရှား၊ အတိုင်းမသိ ကျေးဇူးများသည့်ပြင်၊ အနောက်နိုင်ငံ၌လည်း လွန်ခဲ့သော နှစ်ပေါင်း တရာကျော်လောက်ကစ၍ တဖြည်းဖြည်း ထင်ရှားလာပြီးလျှင် ယခုအခါ ဗုဒ္ဓဘာသာကျမ်းစာအင် တို့တွင် အထင်အရှားဆုံး၊ ဗုဒ္ဓဘာ

# ဓမ္မပဒ

ဦးဖော်ရင်

UTZ0007
2,000.00 KS

mgyoe.com

ဓမ္မပဒ၊ ဦးသော်ဇင်
အပြင်အဆင်-အမ်အက်ဝ်အို၊ စာမျက်နှာ ၂၁၆ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၇ ဩဂုတ်လ စာပလွေစာအုပ်တိုက်၏ဒုတိယအကြိမ်မူ၊
ပထမအကြိမ် - ၁၉၆၇ ဇွန်လ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဓမ္မပဒ

ဦးသော်ဇင်

မြန်မာပြန်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဗုဒ္ဓဓမ္မ၏ အခြေပဒ | ၁ |
| ၂။ | ဓမ္မပဒ လမ်းညွှန် | ၁၂ |
| ၃။ | ယမကဝဂ္ဂ | ၁၈ |
| ၄။ | အပ္ပမာဒ ဝဂ္ဂ | ၃၀ |
| ၅။ | စိတ္တဝဂ္ဂ | ၃၆ |
| ၆။ | ပုပ္ဖ ဝဂ္ဂ | ၄၂ |
| ၇။ | ဗာလဝဂ္ဂ | ၅၀ |
| ၈။ | ပဏ္ဍိတ ဝဂ္ဂ | ၅၉ |
| ၉။ | အရဟန္တ ဝဂ္ဂ | ၆၆ |
| ၁၀။ | သဟဿ ဝဂ္ဂ | ၇၂ |
| ၁၁။ | ပါပ ဝဂ္ဂ | ၈၀ |
| ၁၂။ | ဒဏ္ဍ ဝဂ္ဂ | ၈၈ |
| ၁၃။ | ဇရာ ဝဂ္ဂ | ၉၄ |
| ၁၄။ | အတ္တ ဝဂ္ဂ | ၉၉ |
| ၁၅။ | လောက ဝဂ္ဂ | ၁၀၄ |


mgyoe.com

mgyoe.com


| | |
|---|---|
| ၁၆။ ဗုဒ္ဓ ဝဂ္ဂ | ၁၁၁ |
| ၁၇။ သုခ ဝဂ္ဂ | ၁၁၈ |
| ၁၈။ ပိယ ဝဂ္ဂ | ၁၂၃ |
| ၁၉။ ကောဓ ဝဂ္ဂ | ၁၂၈ |
| ၂၀။ မလ ဝဂ္ဂ | ၁၃၅ |
| ၂၁။ ဓမ္မဋ္ဌ ဝဂ္ဂ | ၁၄၃ |
| ၂၂။ မဂ္ဂ ဝဂ္ဂ | ၁၄၈ |
| ၂၃။ ပကိဏ္ဏက ဝဂ္ဂ | ၁၅၅ |
| ၂၄။ နိရယ ဝဂ္ဂ | ၁၆၀ |
| ၂၅။ နာဂ ဝဂ္ဂ | ၁၆၆ |
| ၂၆။ တဏှာ ဝဂ္ဂ | ၁၇၂ |
| ၂၇။ ဘိက္ခု ဝဂ္ဂ | ၁၈၂ |
| ၂၇။ ဗြာဟ္မဏ ဝဂ္ဂ | ၁၉၀ |


■

mgyoe.com

mgyoe.com

# ဗုဒ္ဓဓမ္မ၏ အခြေပဒ

ဓမ္မပဒသည် ဓမ္မနှင့်ပဒကို တွဲစပ်ထားသော အမည်ဖြစ်၏။ ဓမ္မကို အရာဌာနအားလျော်စွာ အောက်ပါအတိုင်း ပြန်ဆိုနိုင်၏။

တရား၊ ကုသိုလ် ပရိယတ္တိ၊ သုတ် – အဘိဓမ္မာ၊
ဟုတ်မှန်သော သဘော၊ သစ္စာ၊ လောကုတ္တရာ၊ ခန္ဓာ၊
အာယတန၊ဓာတ်၊ ကျေးဇူး၊ ပရမတ္ထ၊ စေတသိက်၊ အကျင့်
ကျင့်ဝတ်၊ ကျင့်အပ်သောတရား၊ အာပတ်၊ အကြောင်း၊ ပါဠိ။
ထိုနည်းတူစွာ ပဒကိုလည်း အရာဌာနအားလျော်စွာ အောက်ပါအတိုင်း ပြန်ဆိုနိုင်၏။

ခြေ၊ ခြေရာ၊ ဖဝါး၊ အစိတ်၊ အက္ခရာအပေါင်း အရိယာတို့
ရောက်အပ်သောတရား၊ အမြိုက်၊ ရောက်ကြောင်း၊ အကြောင်း၊
အဖို့၊ အစု၊ ပုဒ်။
ဤတွင် ဓမ္မပဒသည် ဗုဒ္ဓဓမ္မ၏ အခြေပဒ ဖြစ်၏။
ထို့ကြောင့် အရှင်ဗုဒ္ဓဃောသသည် ဓမ္မပဒကို အဋ္ဌကထာဖွင့်

mgyoe.com

mgyoe.com


ဆိုမည်ပြုသောအခါ ကျမ်းစာနှင့်လျော်ညီစွာ ဗုဒ္ဓ၏ခြေတော်ကို 'တဿ ပါဒေ နမဿိတွာ' စသည်ဖြင့် ထုတ်ဖော်၍ ရှိခိုးပူဇော်လေသည်။ သင်္ဂဇာဆရာတော်လည်း ဓမ္မပဒကို အနက်မြန်မာပြန်ဆိုရာတွင် 'အဟံ ငါသည်၊ ဓမ္မာပဒဿ– စရဏာတရား တစ်ဆယ့်ငါးပါးတည်းဟူသောမူ ခြေတော်မြတ်ရှိတော်မူသော' စသည်ဖြင့် ချီးမွမ်း၍ ပဏာမပြုတော်မူလေသည်။ ဓမ္မပဒသည် ဗုဒ္ဓဓမ္မ၏ အခြေခံပင်တည်း။ အခြားသော အနက် အဓိပ္ပာယ်တို့ဖြင့်လည်း မိမိတို့သဘောပေါက်သည့်အတိုင်း အမျိုးမျိုး အထွေထွေ ပြန်ဆိုနိုင်ပေ၏။ ဘယ်သို့ပင် ဖော်ဖော် သူ၏ အာဘော်နှင့် သင့်လျော်နေပေလိမ့်မည်။ အကြောင်းကား ဓမ္မပဒ၏ ဂုဏ်မှာ မကုန်နိုင်အောင် ပြည့်စုံကြွယ်ဝ၍ အဘယ်မျှပင် ဆိုဆို အမြဲလို နေမည်သာတည်း။

ဗုဒ္ဓစာပေလောကတွင် အလုံးစုံတို့ထက် ထင်ရှားကျော်ကြား၍ လူကြိုက်များသောကျမ်းမှာ ဓမ္မပဒ ဖြစ်၏။ ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော ဘာသာတိုင်းတွင် ဘာသာပြန်ဆိုပြီးဖြစ်၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက အမျိုးမျိုးသော တပည့်သားတို့အား ညွှန်ကြားဆုံးမတော်မူခဲ့သော ဂါထာတို့ဖြစ်၍ ဩဝါဒကထာ သင်ခန်းစာတို့ဖြင့် လွှမ်းဖုံးနေ၏။ ဒေါက်တာ ကသိယပ်အေပရဲရာ ဆိုသူပုဂ္ဂိုလ် ကျော်က ဤသို့ ထုတ်ဖော်ပြောပြသည်။

> ပိဋကတ်သုံးပုံထဲမှ စာအုပ်တစ်အုပ်၏ အမည်ကို ပြောစမ်းပါဟု ဆိုလာလျှင် အထစ်အငေါ့မရှိဘဲ ဓမ္မပဒကို ညွှန်ပြလိုက်မည်။ အကြောင်းကား ယင်းသည် စာပေလောကတွင် တစ်ခုတည်း သော အကောင်းဆုံးစာအုပ်ဖြစ်၍ အကျွန်ုပ်အား အထူးကျေးဇူး များသောကြောင့် ဖြစ်သည်။ နှစ်ပေါင်းလေးဆယ်ကျော်အတွင်း ကံမကောင်း အကြောင်းမသင့်၍ စိတ်နှလုံးပူပန် ဆင်းရဲခြင်း ဖြစ်သည့်အခါတိုင်း သူသည် ကျွန်ုပ်အားသစ္စာရှိသော မိတ်ဆွေ

mgyoe.com

mgyoe.com


ကောင်းတစ်ယောက် အဖြစ်ဖြင့် ဖြေဖျော်ခဲ့ပါသည်။ မန္တိုင်းယှဉ်နိုင်လောက်အောင် လှပသော ဂါထာတို့သည် အကြံဉာဏ်ပေးရန်အတွက်ဖြစ်စေ၊ အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့မှ လျော့ပါးသက်သာရန်ဖြစ်စေ၊ ဂုဏ်သတင်းပျံ့သင်းကျော်စောရန်ဖြစ်စေ၊ ထိုးထွင်း သိမြင်ရန်ဖြစ်စေ ဘယ်ဘက်ကမှ အချည်းနှီးသက်သက် မဖြစ်ချေ။ တစ်ခုခုအတွက် အကျိုးသက်ရောက်သည်သာတည်း။

ထိုမှတစ်ပါး ဆာရာစာကရိသျှဏ ဆိုသူ ပုဂ္ဂိုလ်ကြီးကလည်း ဓမ္မပဒကို ဤသို့ နိဒါန်းပျိုး၏။

ယခုအခါ ကမ္ဘာသူ ကမ္ဘာသားတို့သည် တစ်ခုတည်းသော ကမ္ဘာကိုတည်ဆောက်ရန် ကြိုးပမ်းနေကြသည်။ ယင်းကိစ္စအတွက် ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း၊ ယဉ်ကျေးမှုအချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခု နားလည်ဆက်စပ်ညီညွတ်မှုလိုသည်။ ဤအတွက် အထောက်အပံ့ အကူအညီအဖြစ်ဖြင့် ဗုဒ္ဓ ပိဋကတ်စာပေ၌ အထင်ရှားအကျော်ကြားဆုံး၊ တန်ခိုးအရှိန်အဝါ အရှိဆုံးသော ဓမ္မပဒကို ဘာသာပြန်ပြီး ပေးသင့်ပေသည်။ ဓမ္မပဒ၏ပဓာနအချက်မှာ တန်ခိုးရှင်တို့အကြောင်းကို တွေးတောကြံဆနေခြင်းထက် သီလ၊ သမာဓိ၊ ပညာကအရေးကြီးကြောင်း ပြဆိုခြင်းပင်ဖြစ်၏။ ခေတ်နှင့်လည်း ညီညွတ်သည်။ စိတ်ကို လုံးဝ ချုပ်ချယ်ခြင်းသည် ရူးသွပ်စေတတ်၏။ ပေါက်လွှတ်ပဲ စားထားခြင်းကား ပို၍ ဆိုးသွမ်းတတ်၏ဟူသော ဓမ္မပဒ၏ သင်ကြားချက်ကို ယခုခေတ် စိတ္တဗေဒ ပညာက ထောက်ခံနိုင်သည်။ လူတိုင်း၏ ပြဿနာ အမျိုးမျိုးနှင့် စပ်လျဉ်း၍ ဓမ္မပဒသည်သာ ပြေပြေလည်လည် ဖြေဆိုနိုင်ပေမည်။

mgyoe.com

mgyoe.com


အင်္ဂလန်သာသနာပြု ဓမ္မကထိက ပထမကျော် အရှင်သေဋ္ဌိလက ဓမ္မပဒ ဘာသာပြန်အကြောင်းကို ဤသို့ ဆိုလေသည်။

နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ် အဝင်အပါဖြစ်သော ဓမ္မပဒ ပါဠိတော်သည် စာအုပ်ပင်ငယ်သော်လည်း လူအမျိုးမျိုးတို့၏ စိတ်သဘောအမျိုးမျိုးကို လိုက်၍ ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်ပေါင်းစုံပါရှိသဖြင့် (an anthology of veres) တရားတော် ညွှန့်ပေါင်းကျမ်း ဖြစ်ပေသည်။

ထိုဓမ္မပဒပါဠိတော်လာ တရားတော်များကို ကြားနာရသဖြင့် လွတ်လပ်ရေးအစစ်၊ ငြိမ်းချမ်းရေးအစစ်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာကိုရသော လူဦးရေပေါင်း မရေမတွက်နိုင်အောင် များပြားခဲ့ လေသည်။ ၎င်းတရားများကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော်လည်း ၎င်းတရားများကို ကောင်းစွာ နားလည်၍ ကျင့်ကြံနေထိုင်ကြလျှင် ယခုအခါလည်း ကမ္ဘာမှာ စစ်မက်အေးငြိမ်း၍ လူအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေကြရမည့်ပြင် လွတ်လပ်ရေးအစစ်၊ငြိမ်းချမ်းရေးအစစ်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရမည်ကား မလွဲတည်း။

ယခုအခါ ကမ္ဘာပေါ်မှာ တစ်ဦးအပေါ်တစ်ဦး အနိုင်ကျင့်ခြင်း၊ တစ်ဦးပစ္စည်းဥစ္စာကို တစ်ဦး အတင်းလုယူခြင်း၊ တစ်ဦးကို တစ်ဦး မနာလိုခြင်း၊ မုန်းခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ တစ်ပြည်နှင့် တစ်ပြည် စစ်တိုက်ခြင်းစသော အပြင်မီး တဟုန်းဟုန်း တောက်လောက်နေခြင်းမှာ လိုချင်တပ်မက်ခြင်း လောဘ၊ အလိုအတိုင်းမရလျှင်မုန်းခြင်း၊ အမျက်ထွက်ခြင်းဒေါသ၊ တရားမှန်ကို မသိခြင်း မောဟတည်းဟူသော အတွင်းမီးသုံးပါးလျှင်

mgyoe.com

mgyoe.com


အရင်းခံဖြစ်သဖြင့်၎င်း အတွင်းမီးမငြိမ်းသမျှ အပြင်မီး မည်သည့်အခါမျှ ငြိမ်းမည်မဟုတ်ချေ။

နိုင်ငံပေါင်းချုပ်အသင်း ဖွဲ့စည်းခြင်း၊ စစ်ပြေငြိမ်းရေး အစည်းအဝေး၊ ညီညွတ်ရေး အစည်းအဝေး စသည်များ ကျင်းပ၍ တစ်ပြည်နှင့်တစ်ပြည် စစ်မတိုက်တမ်း စာချုပ်၊ မဟာမိတ်စာချုပ်စသည် ပြုလုပ်ခြင်းမှာ အလွန်ကောင်းသော အလုပ်များ ဖြစ်ကြလေသည်။ သို့ရာတွင် ထိုသို့ပြုလုပ်ကြခြင်းသည် အရင်းခံ အတွင်းမီးကို ငြိမ်းအောင် မသတ်ဘဲ အပြင်မီးကိုသာ ငြိမ်းအောင် အားထုတ်သည်နှင့်တူလေသည်။ အမြစ်ပြတ်အောင် မကုဘဲ အပေါ်ယံမျှကိုသာ ဖောက်ခွဲ၍ လိမ်းဆေးတင်သဖြင့် ပျောက်ကင်းသည်ထင်ရသော အနာသည် မကြာခင်ပြန်ထမည်မှာ မလွဲသကဲ့သို့ ဖြစ်လေသည်။

အပြင်မီးများအရင်းခံ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အတွင်းမီးကို ငြိမ်းစေနိုင်သည်မှာ ဘုရားဟော တရားတော်တည်းဟူသော ရေအေးတစ်ခုသာလျှင် ဖြစ်၏။ လူအများစိတ်ဆင်းရဲ ဖြစ်ရခြင်းတည်းဟူသော အနာရောဂါကို အမြစ်ပါ မကျန် ပျောက်ကင်းစေနိုင်သော ဆေးမှာ ဘုရားဟော တရားတော်တည်းဟူသော ဆေးတစ်ခုသာရှိ၏။

ထိုတရားရေအေး အမြိုက်ဆေးကို ပေးနိုင်သော ဓမ္မပဒပါဠိတော်သည် အရှေ့နိုင်ငံဗုဒ္ဓဘာသာများအတွက် နေလအသွင် အလွန်ထင်ရှား၊ အတိုင်းမသိ ကျေးဇူးများသည့်ပြင် အနောက်နိုင်ငံ၌လည်း လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်လောက်ကစ၍ တဖြည်းဖြည်း ထင်ရှားလာပြီးလျှင် ယခုအခါ ဗုဒ္ဓဘာသာကျမ်းစာအုပ်တို့တွင် အထင်အရှားဆုံး၊ ဗုဒ္ဓဘာသာအတွက် အကျိုးအများဆုံး စာအုပ်တစ်အုပ်ဖြစ်လေသည်။ ထိုသို့ဖြစ်သည့်

mgyoe.com

mgyoe.com


အတိုင်းလည်း အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာများသို့ ပြန်ပြီးကြောင်း သိရပေသည်။

ထိုဓမ္မပဒ ပါဠိတော်ကို ဆရာအမျိုးမျိုးတို့ မြန်မာဘာသာပြန်ပြီးဖြစ်သော်လည်း ထိုမြန်မာပြန်များမှာ ပါဠိနှင့် မြန်မာ ရောနှောသော နိဿယများသာဖြစ်၍ လူအများနားလည်နိုင်ရန် ခဲယဉ်းလေသည်။ ထိုသို့ ခဲယဉ်းသည့်အတိုင်း ဓမ္မပဒဝတ္ထုများ လောက်သာ ထင်ရှား၍ ဘုရားဟောတော်မူရင်း ဂါထာတော် တရားတော်များ၏အရသာကို လူအများ ခံစားသင့်သလောက် မခံစားရ ဖြစ်လေသည်။ သို့ဖြစ်၍ ဟောတော်မူရင်း ဂါထာတော် တရားတော်များကို လူအများ အလွယ်တကူ နားလည်ကြစေရန်လည်းကောင်း၊ထိုသို့နားလည်ကြ၍ ကျင့်ကြံနေထိုင်ကြသဖြင့် တရားအရသာကို ခံစားကြစေရန်လည်းကောင်း၊ ယခုအခါ မြန်မာပြည်မှာ တရားလက်မဲ့ဖြစ်နေကြသောသူများကို တရားလက်ကိုင်ထားကြဖို့ သတိပေးရန်လည်းကောင်း၊ ဤအကြောင်း အကျိုး ကျေးဇူးအမျိုးမျိုးတို့ကို မျှော်ကိုး၍ ဓမ္မပဒအဋ္ဌကထာကို မှီငြမ်း ထားကာ မြန်မာ ဘာသာသက်သက်ပြန်ဆိုအပ်ပေသည်။ အိတာလျံဘုန်းကြီး ဦးလောကနာထ ကလည်း ဤသို့ဆိုလေသည်။

ဆယ့်ငါးနှစ်အလွန်က ကျွန်ုပ်သည် ရိုမန်ကက်သလစ်ဖြစ်ခဲ့လေသည်။ ယနေ့ ကျွန်ုပ်သည် အနောက်နိုင်ငံ၌ ဗုဒ္ဓသာသနာ ထွန်းကားရေးကို ထက်သန်လိုလားနေသည့် ဘုရားသားတော် ဗုဒ္ဓဘာသာရဟန်းတော် တစ်ပါးဖြစ်နေပြီ။ ဓမ္မပဒ စာအုပ်က ကျွန်ုပ်ကို ပြောင်းလဲပေးလိုက်သည်။ မည်သူမျှ ကျွန်ုပ်ထံသို့မလာ၊မည်သူမျှ ကျွန်ုပ်ထံ ဗုဒ္ဓဘာသာ တရားဟောရန် မရောက်လာ။ ဓမ္မပဒစာအုပ်သည် ကျွန်ုပ်ဘဝကို ပြောင်းလဲ

mgyoe.com

mgyoe.com


ပစ်လိုက်ပါသည်။ အကယ်၍ ကျွန်ုပ် ဓမ္မပဒ စာအုပ်ကိုမဖတ်မိလျှင် ကျွန်ုပ်သည် ယနေ့ထက်တိုင် ရိုမန်ကက်သလစ် အဖြစ်နှင့်ပင် ရှိနေဦးမည်။ ဓမ္မပဒ၏ အသွင်ဖြင့်ရှိနေသော ရှင်တော်ဗုဒ္ဓသည် ကျွန်ုပ်၏ဘဝကိုပြောင်းလဲပေးသော ထိပ်တန်းသာသနာပြု ဖြစ်လေသည်။ ရှင်တော် ဗုဒ္ဓသည် ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းသွားပြီ ဖြစ်သော်လည်း ရှင်တော်ဗုဒ္ဓ၏ဓမ္မမှာ အသက်ရှင်လျက်ပင် ရှိနေပြီး အလုပ်လုပ်လျက်ပင် ရှိနေသည်။

ကျွန်ုပ်သည် အီတလီ၌ မွေးဖွားသည်။ အမေရိကန် နယူးယောက်မြို့၌ ကြီးပြင်းသည်။ ပညာသင်ကြားသည်။ ကျွန်ုပ်သည် ဝိဇ္ဇာနှင့် သိပ္ပံပညာနှစ်ရပ်လုံးကို သင်ကြားသည်။ သို့ရာတွင် ဓာတုဗေဒပညာကို အထူးဝါယမစိုက်ထုတ်၍ သင်ကြားသည်ဖြစ်၍ ဘီအက်စ်စီ (ဓာတုဗေဒ)ဘွဲ့ကို ရရှိခဲ့သည်။ ကျွန်ုပ်၏ သိပ္ပံပညာအသိသည် ကျွန်ုပ်၏ အမြင်ဟောင်းဖြစ်သည့် ရိုမန်ကက်သလစ်အမြင်နှင့် တိုက်ခိုက်ကြတော့သည်။ ချက်ချင်း သိပ္ပံပညာက အပေါ်စီးရရန် ရိုမန်ကက်သလစ် ဝါဒက နောက်ဆုတ်သွားသည်။ ကျွန်ုပ်၏ဘာသာတရားသည် တဖြည်းဖြည်း သိပ္ပံပညာ၏ ဘာသာတရား ဖြစ်လာခဲ့သည်။ သို့ရာတွင် ကျွန်ုပ်သည် ယေရှုခရစ်နှင့် စိန့်ဖရန့်စစ်ကိုမူ ကြည်ညိုနေတုန်းပင် ရှိလေသည်။

အမေရိကန်၌ တစ်နေ့တွင် ကျွန်ုပ်သည် စက်ရုံကြီးတစ်ခု၏ ဓာတ်ခွဲခန်း၌ ဓာတ်ခွဲသည့်အလုပ်ကို အာရုံစိုက်နေစဉ် မိတ်ဆွေ ဓာတုဗေဒအရာရှိတစ်ဦးက စာအုပ်ကြီးတစ်အုပ် ကျွန်ုပ်ကို ပေးလေသည်။ ထိုစာအုပ်ထဲ၌ အခြားစာများအပြင် ပါမောက္ခ မက်စ်မူလာ ဘာသာပြန်ထားသည့် ဓမ္မပဒနှင့် အသည်းယောသရေးသော ဗုဒ္ဓဝင်ပါရှိလေ၏။ ကျွန်ုပ်၏မိတ်ဆွေသည်

mgyoe.com

mgyoe.com


ထိုစာအုပ်ကိုဖတ်သည်။ သို့ရာတွင် သူသည် ခရစ်ယာန်အဖြစ်က ပြောင်းလဲမသွား။ ကျွန်ုပ်လည်း ထိုစာအုပ်ကိုဖတ်သည်။ ကျွန်ုပ်ကမူ ဗုဒ္ဓဘာသာ ဖြစ်လာ၏။

ကျွန်ုပ်သည် သိပ္ပံနည်းကျသော ဘာသာတရားကို အစဉ်တစိုက် စုံစမ်းလာခဲ့သည်။ နောက်ဆုံး၌ ကျွန်ုပ်လိုလားနေသော အရာကို တွေ့ရလေ၏။ ဗုဒ္ဓဘာသာသည် ကျွန်ုပ် ကြာမြင့်စွာက တောင့်တလာခဲ့သောအရာကို ဖြည့်တင်းပေးလိုက်လေ၏။ ကျွန်ုပ် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာသည်။ ဗုဒ္ဓစာပေကျမ်းဂန် အမျိုးမျိုးကို စိတ်အားထက်သန်စွာဖြင့် ဖတ်သည်။ ကျွန်ုပ်သည် ရေငတ်မွတ်နေသည့် သဲကန္တာရ ခရီးသည်နှင့် ပမာတူသည်။ နောက်ဆုံး၌ ကြာမျိုးစုံပေါက်နေသည့် ရေကန်တစ်ကန်ကို တွေ့ရ၍ အေးမြကြည်လင်နေသောရေကို အားပါးတရ သောက်ပစ်လိုက်လေသည်။

ကျွန်ုပ်သည် ဗုဒ္ဓ၏တရားတော်ကို သက်ဝင်ယုံကြည်သည်။ သို့ဖြစ်၍ လောကီကို စွန့်လိုက်၏။ အိန္ဒိယသို့လာခဲ့၏။ မြန်မာပြည်၌ ရဟန်းပြုလိုက်၏။

(ငွေတာရီ မဂ္ဂဇင်း
ပါရဂူ၏ သာသနာ့ခရီးသည်မှ)

ဓမ္မပဒတွင် အရေးအကြီးဆုံး ပဓာနအချက်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော အဆုံးအမ ဩဝါဒ ဂါထာတို့ပင်ဖြစ်သည်။

ထိုဂါထာတို့ ဖြစ်ပေါ်လာရခြင်းအကြောင်း အတ္ထုပ္ပတ္တိတို့ကို ဆရာအရှင် ဗုဒ္ဓဃောသက အဋ္ဌကထာဖြင့် ဖွင့်ပြသော အကြောင်းအရာ အတ္ထုပ္ပတ္တိတို့မှာ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသဖြင့် စာရှုသူတို့သည် အရေးကြီးသော ဂါထာရောက်အောင်မသွားနိုင်ကြဘဲ ဝတ္ထုဇာတ်လမ်း

mgyoe.com

mgyoe.com


မှာပင် ဝဲလည်၍ နေကြလေသည်။ စကားစပ်မိလျှင် ဇာတ်လမ်းကိုပင် မှတ်တမ်းတင်လိုက်၏။ မင်္ဂလာဆောင် ဘိသိက်ဆရာကလည်း ဝိသာခါ ဇာတ်လမ်းကိုယူပြီး ဩဝါဒပေး၏။ ဘုရားကိုးဆူ ဆရာကလည်း အာယုဝဍ္ဍန (ဒီဃာဝု) သတို့သား ဇာတ်ဝတ္ထုကို ပမာပြု၏။ ကွက်စိပ် ဆရာကလည်း ကုမ္ဘဃောသက သူဌေးဖြင့် အရည်သွေး၏။ ဇာတ်ပွဲ၊ ရုပ်သေးပွဲတို့ကလည်း ပဋာစာရီစသော ဇာတ်ကိုသရုပ်ဖော်ကြ၏။ ဓမ္မကထိကတို့လည်း ဆိုင်ရာဆိုင်ရာ ဇာတ်ဝတ္ထုတို့ကို ဖွဲ့နွဲ့ဟောပြောကြ လျက်ပန်းချီဆရာ၊ ပန်းပုဆရာ၊စာရေးဆရာ၊ကဗျာဆရာ စသူတို့လည်း အမျိုးမျိုးသောဇာတ်ဝတ္ထုတို့ကိုပင် ခြယ်မှုန်းထုလုပ် သီကုံးဖွဲ့နွဲ့ကြသည်။ အရေးကြီးသော ဂါထာသို့ အရောက်ပို့ မပေးနေနိုင်ကြချေ။ သို့ကြောင့် ဓမ္မပဒ ဂါထာသက်သက်ကိုသာ ဘာသာပြန်သော စာအုပ်ငယ်သုံး လေးအုပ် အသီးသီးပေါ်ထွက်လာခဲ့ကြသည်။ သို့ရာတွင် ဂါထာ ဘာသာပြန်ချည်းသက်သက်မှာလည်း အချို့ အချက်အလက်မှာ အသိ ခက်နေပြန်သဖြင့် လူတို့အာရုံစိုက်မှု ရှိသင့်သလောက်မရှိချေ။

ဤဘာသာပြန်ကား ထိုထိုအပြစ်တို့ကို ရှောင်ကွင်းလျက် မကျယ် လွန်း မကျဉ်းလွန်းသော အလယ်အလတ်ဖြစ်၏။ မူလပင်မ ဂါထာပုဒ် ကို သဘောပေါက်ရုံမျှသာ ဇာတ်ဝတ္ထုကို ဖော်ပြပေးပါ၍ မျှမျှတတ ရှိလိမ့်မည်ဟု ထင်ပါသည်။ ဤနည်းမှာ ဘာသာပြန်သူ စတင်တွေ့ရှိ သောနည်းလမ်းမဟုတ်ပါ။ ရှေးအခါက သင်္ဂဇာဆရာတော်၏ နည်း ဟောင်းကို ခေတ်နှင့်အလျော်ပြုပြင် စီစဉ်လိုက်ခြင်းသာ ဖြစ်ပါသည်။ သို့ဖြင့် ဆရာတော်၏ ဓမ္မပဒပါဠိတော် နိဿယကို ထပ်ဆင့် ဘာသာ ပြန်သည်ဟု မယူဆစေလိုပါ။ အကြောင်းကား ဤဘာသာပြန်သည် ဆရာဗုဒ္ဓဃောသ၏ အဖွင့်အပြ အလုံးစုံကိုပင် အကုန်ဖော်ပြခြင်းမရှိပါ။ မြတ်စွာဘုရား၏ မူလပင်မဂါထာ စကားလုံးအတိုင်း သိနိုင်လောက် လျှင် ထိုအတိုင်းပင် ပြန်ဆိုလိုက်ပါသည်။ ကိုယ်တိုင် စဉ်းစား ယူရခြင်း

mgyoe.com

mgyoe.com


၏ အရသာကို ခံစားစေလိုသောကြောင့် ဖြစ်ပါသည်။

ဓမ္မပဒ၏ ကျေးဇူးရပ်တို့ကို ပြည့်စုံအောင် ဘယ်သူပြောနိုင်ပါမည်နည်း။ ကိုယ်တိုင်သိစေရန် ကိုယ်တိုင်လေ့လာခြင်းသည် အကောင်းဆုံးနှင့် အမှန်ဆုံးဖြစ်၏။ ဓမ္မပဒကို ဝတ္ထုဖတ်သကဲ့သို့ ကမူးရှူးထိုးတစ်ထိုင်တည်း မဖတ်သင့်ချေ။ မိမိစိတ်၏ ဆိတ်ငြိမ်ရာကို ရွေးချယ်ပြီး အေးအေးဆေးဆေး တစ်ပုဒ်သာ ရှေးဦးစွာ စိတ်ဖြင့် ဖတ်ပါ။ ထို့နောက် မိမိနားကြားစေရန် အသံထွက်ဖတ်ပြီးစဉ်းစားပါ။ လောကနှင့် သို့မဟုတ် သိပ္ပံနှင့်ဆက်စပ်ကြည့်ပါ။ ဝိဇ္ဇာဖြင့်တွေးပါ။ တစ်နေ့အတွက် အစုံ အစုံဖြစ်လျှင် ဂါထာနှစ်ပုဒ်ထက် ပို၍ မဖတ်သင့်ချေ။ ထို့အတွက် စဉ်းစားတွေးဆဖို့ကား အချိန်ရသလောက်ယူနိုင်၏။ မလုံလောက်သေးလျှင် နောက်နေ့များအထိ ဆက်လက်တွေးဆသင့်၏။ များစွာ ဖတ်ပြီး နည်းနည်းတွေးခြင်းဖြင့် .လိုအပ်သော အကျိုးဖလ ရလိမ့်မည်မဟုတ်ချေ။ ဓမ္မတရားကို သဘောပေါက်ပြီး လွတ်မြောက်မှုရသွား သူတို့မှာ ဂါထာများစွာ ကြားနာခြင်း မရှိကြချေ။ အများအားဖြင့် တစ်ပုဒ်တစ်ဂါထာဖြင့်ပင် ကိစ္စပြီးမြောက် သိဒ္ဓိပေါက်သွားကြသည်။

စိတ်၏ ဆိတ်ငြိမ်ရာမှာ လေယာဉ်၊ မီးရထား၊ သင်္ဘော၊ ရုပ်ရှင်ရုံ စသည်တို့၌လည်း ဖြစ်နိုင်၏။ တကယ် အတွင်းစိတ် ဆိတ်ငြိမ်သူတို့အတွက် အပြင်အပ ဆူဆူညံညံတို့ မနှောင့်ယှက်နိုင်ကြပါ။ ယေဘုယျလူများအတွက် ကိုယ်စိတ်အပန်းဖြေရာတွင် ဖတ်ဖို့အကောင်းဆုံးဖြစ်၏။ သို့ရာတွင် မိမိနှင့်တိုက်ဆိုင်သည့် တစ်ပုဒ်ထက်ပိုပြီး မဖတ်မိရန် အထူးသတိပြုပါ။ အကယ်၍ ဓမ္မပဒကို လေ့လာပြီးကလည်း ဤနည်းလမ်း စည်းကမ်းတို့ကို အလိုအလျောက်ပင် ကိုယ်တိုင် ကိုယ်ပိုင် သိမည်ဖြစ်သည်။ ဗုဒ္ဓဓမ္မကား လက်ငင်းအကျိုးကို အချိန်မရွေးပေးလေ့ရှိ၍ လက်တွေ့လေ့လာပါလျှင် အခြေခံရှိသူတို့ ကောင်းစွာ သိနိုင်လေသည်။ ဘယ်အကြောင်းကြောင့် စိတ်ထိခိုက်နေပါသနည်း။ အကြီး

mgyoe.com

mgyoe.com


အကျယ် စိတ်ညစ်နေသူအတွက် အကောင်းဆုံး မိတ်ဆွေမှာ ဓမ္မပဒပင် ဖြစ်၏။ တစ်ပုဒ်တစ်ဂါထာတည်းဖြင့်ပင် ဆောက်တည်ရာ ရနိုင်လေသည်။ လှန်ချင်သည့် နေရာကို လှန်လိုက်ပြီး မျက်စိ အောက်ရောက်ရာ စာပုဒ်ကို ဖတ်လိုက်ပါ။ ထိုစာပုဒ်သည် စာဖတ်သူအတွက် အမှန်ပင် အသုံးဝင်မည်မှာ ယုံမှားစရာ မရှိပါ။

ဓမ္မပဒဂါထာပုဒ်တို့၏ အထက်တွင် ဝတ္ထုဇာတ်လမ်းကလေးများ အသီးသီးပါဝင်သည်။ ထိုဝတ္ထုများမှာ ဂါထာကို သဘောပေါက်ရုံမျှအတွက်သာ ဖြစ်ပါသည်။ သူတို့ကို အလေးအနက်ပြုရန် မသင့်ချေ။ စင်စစ် အတွေးနက်ရန်မှာ ထိုဝတ္ထုနောက်တွင် ပါရှိသော ဘုရားဟောဂါထာတို့ပင် ဖြစ်၏။ ထိုဂါထာတို့ကို အနည်းဆုံး တစ်နေ့တစ်ပုဒ် ဖတ်ဖြစ်အောင် ကြိုးစားပါဘိ။

■

mgyoe.com

mgyoe.com

# ဓမ္မပဒ လမ်းညွှန်

သံဃါယနာတင်အရှင်တို့သည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဓမ္မပဒဂါထာ ၄၂၃ ပုဒ်တို့ကို သဘောတူရာ ဂါထာတို့ကိုပေါင်းပြီး အပေါင်းအစု ဝဂ္ဂအားဖြင့် ၂၆ ဝဂ် ခွဲခြားသတ်မှတ်တော်မူကြလေသည်။ ဂါထာတို့ကို အခန်းကဏ္ဍ ခွဲခြားခြင်းပင်ဖြစ်၏။ သို့ဖြင့် ဓမ္မပဒဂါထာတို့ကို လေ့လာသူတို့အတွက် များစွာ လွယ်ကူသွားလေသည်။ ဂါထာစုဖြစ်သောဝဂ်၏ အမည်နာမတို့မှာ ထိုဂါထာတို့က ညွှန်ပြသော ဓမ္မတရား၏ အနက်အဓိပ္ပာယ်ကို ဆောင်သော အနွတ္ထ အမည်တို့ပင်ဖြစ်၏။ မိမိလေ့လာကြည့်ရှုလိုသောအကြောင်းအရာ အချက်အလက်ကို ဝဂ်၏အမည်ဖြင့်တိုက်ဆိုင်ရှာဖွေက အလွယ်တကူပင်တွေ့နိုင်ပေသည်။

(၁) ယမကဝဂ္ဂ–အစုံအစုံတရားစု။ ။ ကုသိုလ်နှင့် အကုသိုလ်၊ အမျက်ထားခြင်းနှင့် မထားခြင်း၊ ရန်ငြိုးဖွဲ့ခြင်းနှင့် မဖွဲ့ခြင်း စသည်ဖြင့် အစုံအစုံဖြစ်သော စုံတွဲများကို ပေါင်းစု၍ ကဏ္ဍဖွဲ့ထား၏။ ဆန့်ကျင်ဘက်ဖြစ်သော အဖိုအမ၊ အပူအအေး၊ အကျိုးအပြစ် ဒွန်တွဲတရားတို့ကို ဤတွင်ရှာဖွေရမည်ဖြစ်၏။ (စာမျက်နှာ ၁၉ မှ ၃၃ အထိ)

mgyoe.com

m-gyoe.com


(၂) အပမာဒဝဂ္ဂ – မမေ့လျော့ခြင်း တရားစု ။ ။ ဤတွင် မေ့လျော့ခြင်း၏ အပြစ်နှင့် မမေ့လျော့ခြင်း၏ အကျိုးတို့ကို ရှင်းလင်း ညွှန်ပြတော်မူသည်။ တိုးတက်ကြီးပွားချင်သူများ၊ မသေချင်သူများအတွက် နည်းကောင်းကို ရနိုင်၏။ (စာမျက်နှာ ၃၄ မှ ၄၀ အထိ)

(၃) စိတ္တဝဂ္ဂ – စိတ်တရားစု ။ ။ စိတ္တဗေဒ စိတ်ပညာလိုက်စားသူတို့အတွက် လေးနက်သော အချက်အလက်တို့ကို ဤတွင် ကောင်းစွာ ရနိုင်၏။ (စာမျက်နှာ ၄၁ မှ ၄၈ အထိ)

(၄) ပုပ္ဖဝဂ္ဂ–ပန်းတရားစု ။ ။ အလွန်လှပစွာသော ပန်းမာလာဖြင့် နှိုင်းယှဉ်ထားသော တရားတို့၏ စုဝေးရာဖြစ်၏။ အနုပညာမြတ်နိုးသူတို့၏ အာရုံကို မွေ့ထုံစေ၏။ (စာမျက်နှာ ၄၉ မှ ၅၀ အထိ)

(၅) ဗာလဝဂ္ဂ–လူမိုက်တရားစု။ ။ ဘယ်ကဲ့သို့သောသူမျိုးကို လူမိုက်ခေါ်သနည်း။ ဤတွင် လူမိုက်၏သဘော လက္ခဏာများ အပြည့်အစုံ အကုန်ပါဝင်၏။ (စာမျက်နှာ ၅၉ မှ ၆၉ အထိ)

(၆) ပဏ္ဍိတဝဂ္ဂ – လူလိမ္မာ တရားစု။ ။ လူလိမ္မာ၊ ပညာရှိ ပဏ္ဍိတတို့ကို အဘိဓာန်သဖွယ် စုပေါင်းထား၏။ အဘယ်ကဲ့သို့သော လူလိမ္မာနှင့် ပေါင်းသင်းလိုသနည်း။ (စာမျက်နှာ ၇၀ မှ ၇၈အထိ)

(၇) အရဟန္တဝဂ္ဂ – ရဟန္တာတရားစု ။ ။ ရဟန္တာဆိုသည်မှာ အဘယ်နည်းဟူသော ပြဿနာအတွက် ဤအခန်းကို ဖတ်ရှုကာမျှဖြင့် သဘောပေါက်နိုင်သည်။ (စာမျက်နှာ ၇၉ မှ ၈၅ အထိ)

mgyoe.com

mgyoe.com


(၈) သဟဿဝဂ္ဂ – တစ်ထောင်တရားစု ။ ။ တစ်ရာ၊တစ်ထောင် စသည်ဖြင့် အရေအတွက် ဥပမာနှင့် ယှဉ်ပြထားသော တရားဓမ္မတို့ကို ဤအခန်းတွင် တွေ့မြင်နိုင်သည်။ အလကားစကားတစ်ထောင်ထက် အကျိုးရှိသော စကားတစ်ခွန်း၏ တန်ဖိုးကို သိရမည်။ (စာမျက်နှာ ၈၆ မှ ၉၅ အထိ)

(၉) ပါပဝဂ္ဂ – မကောင်းမှုတရားစု ။ ။ မကောင်းမှုကို မကောင်းမှန်း သိရန် အမှန်ပင် လိုသည်။ မကောင်းမှုကို ကောင်းမှုထင်နေပါလျှင် အသို့နည်း။ ဤတွင် မကောင်းမှုတို့ကို ပေါင်းစုထား၏။ (စာမျက်နှာ ၉၆ မှ ၁၀၄ အထိ)

(၁၀) ဒဏ္ဍဝဂ္ဂ – ဒဏ်တရားစု ။ ။ သူတစ်ပါးကို ဒဏ်ပေးခြင်း၊ ကိုယ်တိုင် ဒဏ်ခံရခြင်းတို့၏ သဘောကိုသိက ဒဏ်ကင်းနိုင်ပေမည်။ သူ့အတွက်ဖြစ်စေ၊ ကိုယ့်အတွက်ဖြစ်စေ ဒဏ်ကို ရှောင်ရှားသင့်၏။ (စာမျက်နှာ ၁၀၅ မှ ၁၁၁ အထိ)

(၁၁) ဇရာဝဂ္ဂ – အိုခြင်းတရားစု ။ ။ အိုခြင်းကို လက်ပိုက်ပြီး ကြည့်နေရန်မဟုတ်။ စောင့်နေရန်မဟုတ်။ အနိုင်တိုက်ယူရန်ဖြစ်ကြောင်းတို့ကို ဤတွင် အစီအစဉ်နှင့် တွေ့နိုင်၏။ (စာမျက်နှာ ၁၁၂ မှ ၁၁၇ အထိ)

(၁၂) အတ္တဝဂ္ဂ – မိမိကိုယ်တရားစု ။ ။ ကိုယ့်ကိုယ်ကိုယ် ချစ်သူတို့အတွက် ချစ်နည်းအမှန်ကို ညွှန်ပြသောအခန်းဖြစ်၍ ကိုယ့်ကိုယ်ကိုယ်ချစ်လျှင် လေ့လာရမည်။ (စာမျက်နှာ ၁၁၆ မှ ၁၂၃ အထိ)

mgyoe.com

mgyoe.com


(၁၃) လောကဝဂ္ဂ – လောကတရားစု ။ ။ လောက၏အထက်သို့ တက်ရန်အတွက်ပင်ဖြစ်၏။ လောကထက် လွန်မြတ်ခြင်းကို လူတိုင်း လိုချင်ပေလိမ့်မည်။ (စာမျက်နှာ ၁၂၄ မှ ၁၃၁ အထိ)

(၁၄) ဗုဒ္ဓဝဂ္ဂ – မြတ်စွာဘုရား တရားစု ။ ။ ဤဝဂ်ကို လေ့လာပြီး ဘုရားဂုဏ်တော်ကို အောက်မေ့က လွန်စွာအရသာ တွေ့နိုင်၏။ (စာမျက်နှာ ၁၃၂ မှ ၁၃၉ အထိ)

(၁၅) သုခဝဂ္ဂ – ချမ်းသာခြင်း တရားစု ။ ။ အများအားဖြင့် လူတို့ သည် ပစ္စည်းဥစ္စာ ကြွယ်ဝခြင်းကိုသာ ချမ်းသာဟု ထင်နေကြ၏။ ချမ်းသာ၏အဖွင့်ကို ဤတွင် လေ့လာနိုင်၏။ (စာမျက်နှာ ၁၄၀ မှ ၁၄၅ အထိ)

(၁၆) ပိယဝဂ္ဂ – ချစ်ခြင်း တရားစု ။ ။ အချစ်အကြောင်း သိကောင်း စရာတို့ကို ဤတွင် ဟောကြားတော်မူသည်။ ဘယ်သူ့ကို ချစ်ချင်ပါ သနည်း။ (စာမျက်နှာ ၁၄၆ မှ ၁၅၁ အထိ)

(၁၇) ကောဓဝဂ္ဂ – အမျက်ဒေါသ တရားစု ။ ။ ဒေါသဖြေနည်းကို အလွယ်တကူ ယူနိုင်၏။ (စာမျက်နှာ ၁၅၂ မှ ၁၅၉ အထိ)

(၁၈) မလဝဂ္ဂ – အညစ်အကြေးတရားစု ။ ။ လူ၏အညစ်အကြေး တို့ကို ဥပမာအမျိုးမျိုးတို့ဖြင့် ရှင်းပြထား၍ သန့်ရှင်းရေးအတွက် အလေးအနက် ဖတ်သင့်၏။ (စာမျက်နှာ ၁၆၀ မှ ၁၆၈ အထိ)

(၁၉) ဓမ္မဋ္ဌဝဂ္ဂ – တရားရှိခြင်း တရားစု ။ ။ ဘယ်သူသည် ဘယ်သို့

mgyoe.com

mgyoe.com

တရားရှိသနည်း။ တရားသူကြီးက စ၍ တရားရှိခြင်း မရှိခြင်းတို့ကို အစဉ်အတိုင်း ဟောကြားသွား၏။ (စာမျက်နှာ ၁၆၉ မှ ၁၇၄ အထိ)

(၂၀) မဂ္ဂဝဂ္ဂ – လမ်းတရားစု ။ ။ မဂ္ဂင်ရှစ်ပါး၏အဖွင့်ဟု ဆိုနိုင်ပါ၏။ ပစ္စုပ္ပန်အတွက် နည်းကောင်း လမ်းပြလည်း ဖြစ်ပါသည်။ (စာမျက်နှာ ၁၇၅ မှ ၁၈၂ အထိ)

(၂၁) ပကိဏ္ဏကဝဂ္ဂ – အထွေထွေတရားစု ။ ။ အဆိုပါအခန်းနှင့် နောက်တွင်လာမည့် အခန်းတို့တွင် မပါဝင်သော သင်ခန်းစာများ ဤတွင် တွေ့ရမည်။ (စာမျက်နှာ ၁၈၃ မှ ၁၈၉ အထိ)

(၂၂) နိရယဝဂ္ဂ – ငရဲတရားစု ။ ။ ငရဲကြီးသောအကြောင်းတို့ကို ဤအခန်းတွင် ပေါင်းစုထားရာ ငရဲကြီးမှာ ကြောက်သူများ သတိထားရန် ဖြစ်၏။ (စာမျက်နှာ ၁၉၀ မှ ၁၉၅ အထိ)

(၂၃) နာဂဝဂ္ဂ – ဆင်တရားစု ။ ။ ဆင်နှင့်ဥပမာပေးသော ဓမ္မတရားတို့ကို ပေါင်းစုထားသောအခန်းဖြစ်၏။ (စာမျက်နှာ ၁၉၆ မှ ၂၀၂အထိ)

(၂၄) တဏှာဝဂ္ဂ – တဏှာ တရားစု ။ ။ တဏှာအကြောင်း ကောင်းစွာသိလျှင် လူဖြစ်ကျိုးနပ်နိုင်၏။ တဏှာ၏ သဘောတရားတို့ကို ဤတွင် လေ့လာပါ။ (စာမျက်နှာ ၂၀၃ မှ ၂၁၃ အထိ)

(၂၅) ဘိက္ခုဝဂ္ဂ – ရဟန်း တရားစု ။ ။ သာသနာ စည်ပင်ရေး အတွက် ရဟန်းများလိုသည်။ ဤတွင် ရဟန်း၏သရုပ်ကို ရှင်းပြထား၏။ (စာမျက်နှာ ၂၁၄ မှ ၂၂၂ အထိ)

mgyoe.com

mgyoe.com


(၂၆) ဗြာဟ္မဏဝဂ္ဂ – ပုဏ္ဏားတရားစု ။ ။ နောက်ဆုံးပိတ်အိတ်နှင့် လွယ်ရသော အခန်းဖြစ်၍ ကျယ်လည်းကျယ်သည်။ ဤအခန်းကို မလေ့လာဘဲ ဗြာဟ္မဏအကြောင်းကို ကောင်းစွာ သိမည်မဟုတ်ချေ။ (စာမျက်နှာ ၂၂၃ မှ ၂၄၃ အထိ)

■

mgyoe.com

mgyoe.com

# ယမကဝဂ္ဂ
## အစုံစုံ တရားစု

**(၁) စက္ခုပါလ (မျက်မမြင် ရဟန်း)**

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေတော်မူစဉ် အခါ စက္ခုပါလ အမည်ရှိသော ရဟန်းသည် မျက်စိမမြင်သောကြောင့် စင်္ကြံသွားရာတွင် ပိုးပရန်ကောင်များကို နင်းမိ၍ ပိုးကောင်တို့ သေကျေ ပျက်စီးကုန်၏။ တစ်ပါးသော ရဟန်းတို့မြင်လျှင် စက္ခုပါလအားကဲ့ရဲ့ ပြီး ဘုရားကို လျှောက်ထားကြလေသည်။

"အရှင်ဘုရား၊ စက္ခုပါလ စင်္ကြံသွားရာတွင် ပိုးကောင်များ သေကျေပျက်စီးကြပါသည်"

"ရဟန်းတို့၊ သူ ပိုးကောင့်များ သတ်သည်ကို သင်တို့ မြင်ခဲ့ကြ သလော"

"ကိုယ်တိုင်ကား မမြင်ပါ။ သေနေသော ပိုးကောင်တို့ကို တွေ့ရ ပါသည်။

"သူ ပိုးကောင်များ သတ်သည်ကို သင်တို့ မမြင်သကဲ့သို့ပင်

mgyoe.com

mgyoe.com


သူသည်လည်း ပိုးကောင်တို့ကို မမြင်ချေ။ စင်စစ် ရဟန္တာတို့မှာ သေစေလိုသော စိတ်စေတနာ မရှိကြပါ”

“စက္ခုပါလသည် ရဟန္တာဖြစ်ပါလျက် ဘယ်ကြောင့် မျက်စိကွယ်ရသနည်း”

“ရှေးဘဝကသူပြုခဲ့သော အကုသိုလ် အစဉ်လိုက်ခြင်းပင် ဖြစ်သည်” ဟု မိန့်ကြားပြီးလျှင် အကုသိုလ်ကံ၏ သဘောကို ဟောတော်မူသည်။

ဓမ္မတရားတို့မှာ စိတ်သာ ရှေ့သွား ခေါင်းဆောင် ဖြစ်ကုန်၏။ စိတ်သာ အကြီးအမှူး ဦးစီးဖြစ်ကုန်၏။ စိတ်အတိုင်း ဖြစ်ကုန်၏။ မကောင်းစိတ်ဖြင့် ပြောဆို ပြုလုပ်ကြံစည်သူ၏ နောက်သို့ (လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့ အစဉ်လိုက်သကဲ့သို့) ဆင်းရဲဒုက္ခလိုက်လေသည်။

## (၂) ပဋ္ဌကုဏ္ဍလီ(နတ်သား)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်အခါ သူဌေးသား ပဋ္ဌကုဏ္ဍလီသည် တစ်စုံတစ်ရာ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှု မပြုခဲ့ဖူးချေ။ သို့ပါလျက် သေခါနီးကာလတွင် ဆွမ်းခံကြွတော်မူသော မြတ်စွာဘုရားကို တွေ့မြင်ရ၍ ကြည်ညိုလိုက်ကာမျှဖြင့် တာဝတိံသာသို့ ရောက်သွားလေ၏။ ပဋ္ဌကုဏ္ဍလီသည် ရွှေဗိမာန် နတ်သမီး အခြံအရံနှင့်တကွ ဘုရားထံသို့လာ၍ သူ၏အဖြစ်သနစ် အကြောင်းအရာတို့ကို ပြန်ပြောင်းလျှောက်ထား၏။ ထိုအခါ အဖသူဌေးကြီးက မြတ်စွာဘုရားအား မေးလျှောက်၏။

“ဘော ဂေါတမ၊ သင့်ကို ကြည်ညိုကာရုံမျှဖြင့် နတ်ပြည်လောကသို့ ရောက်နိုင်ပါသလော”

“ဒါယကာသူဌေး၊ ရတနာသုံးပါးကို ဖြူစင်သော စေတနာဖြင့်

mgyoe.com

mgyoe.com


ကြည်ညိုမြတ်နိုးသူတို့ နတ်ပြည်သို့ရောက်သွားသော အရေအတွက်ကို ဂဏန်းချ၍ ပြရန်ပင် မဖြစ်နိုင်ပါ။ စိတ်စေတနာ ဖြူစင်လေက မည်သူမဆို ကောင်းမွန်သော အကျိုးဖလကို မုချရနိုင်လေသည်" ဟု မိန့်ကြားပြီး ကုသိုလ်ကံ၏ သဘောကို ဟောတော်မူသည်။

ဓမ္မတရားတို့မှာ စိတ်သာ ရှေ့သွား ခေါင်းဆောင်ဖြစ်ကုန်၏။ စိတ်သာ အကြီးအမှူး ဦးစီးဖြစ်ကုန်၏။ စိတ်အတိုင်း ဖြစ်ကုန်၏။ ကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ် ကြံစည်သူ၏ နောက်သို့ (အရိပ်သည် အစဉ်လိုက်သကဲ့သို့) ချမ်းသာသုခ အစဉ်လိုက်လေသည်။

## (၃) တိဿ(အယောင်ဆောင်ရဟန်း)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကြီးမှ ရဟန်းပြုသော ဘထွေးတော်၏သား တိဿ ရဟန်းသည် စားကောင်းသောက်ဖွယ်တို့ကို စားသောက်ပြီး အစည်းအဝေးခန်းမဆောင်တွင် အိပ်ကာ နေလေ့ရှိ၏။ ဘုရားဖူးလာသော အာဂန္တုရဟန်းတို့သည် သူ့ကို ဆရာတော်ကြီးတစ်ပါးဟု ထင်မှတ်ပြီး အရိုအသေပြုရန် ဝတ်ကြီးဝတ်ငယ်ပြုစုရန် မေးကြသော်လည်း မဖြေချေ။ မသိမသာပင် အရိုအသေပြုခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းတို့ကို ခံယူနေ၏။ တစ်ခါသော် သူ့အကြောင်းကို သိသော ရဟန်းတစ်ပါးက သူ့အား ဆုံးမ၏။

"သင်ကား ကိုယ့်ပမာဏကို မသိချေ။ မိမိထက် သိက္ခာဝါကြီးသော ရဟန်းတို့ကို တွေ့မြင်ပါလျက် ဘယ့်ကြောင့် ခရီးဦးကြို အရိုအသေ မပြုသနည်း"

ထိုအခါ တိဿသည် ခတ္တိယမျိုးမာန်တက်ကာ ဒေါသဖြင့် ဘုရားထံသွားပြီး လျှောက်ထား၏။ မြတ်စွာဘုရားသည် အမှန်သို့ ရောက်အောင် စစ်မေးပြီး တိဿအား ဆုံးမတော်မူသည်။

mgyoe.com

mgyoe.com


ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှဉ်းဆဲ၏။ ငါ့ကို အနိုင်ကျင့်၏။ ငါ့ဥစ္စာကို ယူ၏ဟု စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့သော သူတို့မှာ ရန်မငြိမ်းချေ။

ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှဉ်းဆဲ၏။ ငါ့ကိုအနိုင်ကျင့်၏၊ ငါ့ဥစ္စာကို ယူ၏ဟု စိတ်၌ အမျက်မထား၊ ရန်ငြိုးမဖွဲ့သောသူတို့မှာ ရန်ငြိမ်းလေ၏။

## (၄) ကာဠီ ယက္ခိနီ (ဘီလူးမ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အမျိုးသမီးတစ်ဦး၏ကလေးကို ကာဠီအမည်ရှိသော ဘီလူးမက သတ်ရန်လိုက်ရာ မြတ်စွာဘုရားက သူတို့နှစ်ယောက်ကိုခေါ်ပြီး ဆုံးမတော်မူ၏။

ရှေးအခါ အမြုံမသည် သားသည်အမေ၏ကလေးကိုသတ်ခဲ့၏။

တစ်ဖန် သားသည်အမေက ကြောင်ဖြစ်၍ အမြုံမက ကြက်မဖြစ်ရာ ကြက်မ၏သားကို ကြောင်က သတ်ခဲ့၏။

တစ်ဖန် ကြက်မက ကျားသစ်ဖြစ်၍ ကြောင်က သမင်ဖြစ်ရာ သမင်မ၏ကလေးကို ကျားသစ်မက သတ်ခဲ့၏။

ယခုအခါ ကျားသစ်မသည် သားသည်အမေ အမျိုးသမီးဖြစ်၍ သမင်မက ကာဠီဘီလူးမ ဖြစ်လာသည်။

မြတ်စွာဘုရားသည် ဤသို့လျှင် သူတို့၏အတိတ်ဘဝကို ရှင်းပြပြီးနောက် ဘီလူးမအား "အဘယ့်ကြောင့် ဤသို့ပြုဘိသနည်း။ အကယ်၍ ငါနှင့်သာ မတွေ့ပါလျှင် မြွေနှင့် မြွေပါကဲ့သို့လည်းကောင်း၊ ဝက်ဝံနှင့် ကြို့ပင်နတ်ကဲ့သို့လည်းကောင်း၊ ကျီးနှင့် ခင်ပုပ်ငှက်ကဲ့သို့လည်းကောင်း ကမ္ဘာရန်သူများ ဖြစ်သွားကြလိမ့်မည်"ဟု မိန့်ကြား ပြီး ရန်ပြေမာန်ပြေတရား ဟောကြားတော်မူသည်။

လောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တစ်ရံတစ်ဆစ်မျှ မပျောက်

mgyoe.com

mgyoe.com


ကုန်၊ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ပျောက်ငြိမ်းကုန်၏။ ဤသို့ ရန်မလိုမှ ရန်ပြိုခြင်းသည် ရှေးရှေး၌ဖြစ်သော သဘောတံထွာ ဓမ္မတာပင်တည်း။

## (၅) ကောသမ္ဗက (ခိုက်ရန်ဖြစ်ပွားသော ရဟန်းများ)

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌နေတော်မူသောအခါ ကောသမ္ဗီပြည်သား ရဟန်းတို့သည် ဂိုဏ်းနှစ်ဂိုဏ်း ကွဲနေကြ၏။ တစ်ဂိုဏ်းမှာ ဓမ္မကထိက ခေါင်းဆောင်သော ဂိုဏ်းဖြစ်၍ အခြားတစ်ဂိုဏ်းမှာ ဝိနည်းဓိုရ်ခေါင်းဆောင်သော ဂိုဏ်းဖြစ်၏။ တစ်နေ့တွင် ဓမ္မကထိက ပုဂ္ဂိုလ် ကုဋိ (အိမ်သာ)တက်ရာတွင် ရေကိုသုံးပြီးရေခွက်တွင် ရေအနည်းငယ်ချန်ထား၍ ဝိနည်းဓိုရ်ကအပြစ်နှင့် စွပ်စွဲရာမှ အစပြုပြီး အချင်းများရာ မြတ်စွာဘုရားကိုယ်တိုင် စေ့စပ်မရအောင် ကွဲပြားသွားလေသည်။ မြတ်စွာဘုရားသည် အများနှင့်နေခြင်းကို ငြီးငွေ့တော်မူသဖြင့် ကိုယ်တော်တစ်ပါးတည်း ပါလိလေယျတောသို့ ကြွကာ ဝါဆိုတော်မူ၏။ ဝါကျွတ်သောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ကြွသွား၏။ ထိုအခါ ကောသမ္ဗီပြည်သားရဟန်းများသည် သူတို့အချင်းချင်း ကွဲပြားခြင်းကို နောင်တကြီးစွာဖြစ်ပြီး မြတ်စွာဘုရားအထံသို့သွားကာ တောင်းပန် ညီညွတ်ကြသောကြောင့်သူတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်။

> သူမိုက်တို့သည် ဤလောက၌ မိမိတို့အမြဲမနေ သေရဦးမည်ကို မအောက်မေ့ မဆင်ခြင်ဘဲ ခိုက်ရန်ဖြစ်ပွားကြကုန်၏။ ပညာရှိတို့ကား ဤလောက၌ မိမိတို့ အမြဲမနေ သေရဦးမည်ကို အောက်မေ့ဆင်ခြင်လျက် ခိုက်ရန် ငြိမ်းအောင် ပြုကြကုန်၏။

mgyoe.com

mgyoe.com


## (၆) စူဠကာဠ၊ မဟာကာဠ (ရဟန်းညီနောင်)

မြတ်စွာဘုရား သေတဗျမြို့ သိံပါသတောခွ်နေတော်မူသော အခါ သေတဗျမြို့သား သူကြွယ်ညီနောင် နှစ်ယောက်ဖြစ်ကြသည့် စူဠကာဠနှင့် မဟာကာဠတို့ ရဟန်းပြုကြလေသည်။ တစ်နေ့တွင် စူဠကာဠ၏ ရှေးလူဖြစ်တုန်းက မယားသည် ဘုရားအမှူးရှိသော သံဃာကို ဆွမ်းစားပင့်ပြီးလျှင် စူဠကာဠကို ဆွဲငင်ဖမ်းဆီးလျက် လူထွက်စေလေ၏။ မဟာကာဠ၏ ရှေးလူဖြစ်တုန်းက မယားသည်လည်း ဘုရားအမှူးရှိသော သံဃာကို ဆွမ်းဖိတ်ပြန်လေသည်။ မြတ်စွာဘုရားသည် သံဃာနှင့်တကွကြွ၍ ဆွမ်းဘုဉ်းပေးပြီးလျှင် မဟာကာဠကို အနုမောဒနာပြုရန် ထားခဲ့၍ ကျောင်းသို့ ပြန်လေသော် ရဟန်းတို့က မဟာကာဠအတွက် စိုးရိမ်ကြ၍ ဓမ္မတရား ညွှန်ကြားတော်မူသည်။

တင့်တယ်သောအာရုံကို အဖန်တလဲလဲရှုလေ့ရှိသော ဣန္ဒြေကို မစောင့်စည်းသော၊ အစာအာဟာရ၌ အတိုင်းအရှည်ကို မသိသော ပျင်းရိ၍ လုံ့လမရှိသောသူကို (လေမုန်တိုင်းသည် အားနည်းသော သစ်ပင်ကို လှဲသကဲ့သို့) ကိလေသာမာရ် ကိုယ်တွင်းရန်သည် နှိပ်စက်ဖျက်ဆီးလေ၏။

မတင့်တယ်မှုကို အဖန်တလဲလဲ ရှုလေ့ရှိသော ဣန္ဒြေကို စောင့်စည်းသော၊ အစာအာဟာရ၌ အတိုင်းအရှည်ကို သိသော၊ ယုံကြည်မှုနှင့်လုံ့လရှိသောသူကို(လေပြည်လေညင်းသည်ကျောက်တောင်ကို မလှဲနိုင်သကဲ့သို့) ကိလေသာမာရ် ကိုယ်တွင်းရန်သည် မနှိပ်စက် မဖျက်ဆီးနိုင်ချေ။

## (၇) ဒေဝဒတ္တ (ဒေဝဒတ်)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်သည် မိမိနှင့်မထိုက်တန်သော အသပြာတစ်ထောင်တန်

mgyoe.com

mgyoe.com


သက်န်းကို ဝတ်ရုံ၍ ရာဇဂြိုဟ်တွင် လှည့်လည်နေကြောင်းနှင့် ရဟန်းတို့လျှောက်ထားကြလေသည်။

"မြတ်စွာဘုရား ရှင်ဒေဝဒတ်သည် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်ကဲ့သို့သော အဂ္ဂသာဝကတို့နှင့်သာ ထိုက်တန်သောသင်္ကန်းကို ဝတ်ရုံကာ ရာဇဂြိုဟ်တွင် လှည့်နေပါသည်။ ဤသင်္ကန်းသည် သူနှင့် လုံးဝ မထိုက်တန်ပါ"

"ရဟန်းတို့ သူသည် ရှေးအခါ မုဆိုးဖြစ်စဉ်က ဤသို့ပင်သူနှင့် မထိုက်တန်သော သင်္ကန်းကို ဝတ်ရုံကာ ရှင်ပစ္စေကဗုဒ္ဓါတို့အား ကြည်ညိုသော ဆင်တို့ကို လည်ပတ်ကာ သတ်ခဲ့ဖူးလေသည်"ဟု မိန့်ကြားကာ တရားပြတော်မူ၏။

ကိလေသာ ဆိုးရည်လည်းမကင်း၊ ဣန္ဒြေကို ဆုံးမစောင့်ရှောက်ခြင်းလည်းမရှိ၊ မှန်ကန်သော စကားကိုလည်း ပြောလေ့မရှိသောသူသည် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံရန်မထိုက်တန်ချေ။

ကိလေသာဆိုးရည်လည်းကင်း၊ သီလကိုလည်း ကောင်းစွာစောင့်ရှောက်၊ ဣန္ဒြေကိုလည်း ဆုံးမစောင့်ရှောက်၍ မှန်ကန်သောစကားကိုပြောလေ့ရှိသူသာ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ရုံရန်ထိုက်တန်၏။

## (၈) သာရိပုတ္တ (ရှင်သာရိပုတ္တရာ)

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌နေတော်မူသောအခါ ဥပတိဿနှင့် ကောလိတမည်သော လုလင်နှစ်ယောက်တို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်သော ရှင်အဿဇိထံမှ တရားနာကြားရ၍ သောတာပန်ဖြစ်ပြီးမှ ဘုရားအထံသို့လာ၍ ရဟန်းပြုကြ၏။ အဂ္ဂသာဝက အဖြစ်ကို ရကုန်၍ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်ဟု ထင်ရှားကုန်၏။ တစ်နေ့တွင် ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား

mgyoe.com

mgyoe.com


အား ရှိခိုးလျှောက်ထားလေသည်။

"မြတ်စွာဘုရား၊ အကျွန်ုပ်တို့ ဆရာဟောင်းဖြစ်သော သိဥ္စည်း ပရိဗိုဇ်ကို အရှင်ဘုရားထံသို့ ခေါ်ပါသော်လည်း မလိုက်ပါ။ အိုးစရည်းကြီးပြုလုပ်ပြီးလျက် အိုးငယ် ခွက်ငယ်ဝယ် သောက်ခွက်ငယ် မလုပ်နိုင်ဟု ပြောပါသည်"

"ချစ်သားတို့ သိဥ္စည်းသည် အနှစ်မဲ့ကို အနှစ်ရှိ၊ အနှစ်ရှိကို အနှစ်မဲ့ဟု ယူဆနေ၏။ သင်တို့ကား အနှစ်ရှိ မရှိကို သိသဖြင့် အကာကို ပစ်၊ အနှစ်ကို ယူကုန်၏"ဟု မိန့်ကြားကာ တရားပြတော်မူသည်။

> အနှစ်မရှိသောတရားကို အနှစ်ရှိ၊ အနှစ်ရှိသောတရားကို အနှစ်မရှိဟု မှတ်ထင်ကာ အယူမှားသူတို့သည် အနှစ်သာရကို မရနိုင်ကြချေ။
>
> အနှစ်ရှိသော တရားကို အနှစ်ရှိ၊ အနှစ်မရှိသော တရားကို အနှစ်မရှိဟုသိ၍ အယူမှန်သူတို့သာ အနှစ်သာရကို ရနိုင်ကြလေသည်။

## (၉) နန္ဒ (ညီတော်မင်းနန်)

မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ရောက်သောအခါ အဘိသိက်မင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာပြုမည်ရှိသော ညီတော်မင်းနန်ကို သပိတ်အထမ်းခိုင်း၍ ကျောင်းသို့ရောက်လျှင် ရဟန်းပြု၏။ ဘုရား သာဝတ္ထိသို့ ကြွတော်မူသောအခါ ရွှေနန်းတော် ပြတင်းက ဇနပဒ ကလျာဏီ မှာကြားလိုက်သော စကားကြောင့် သာသနာသို့ ငြီးငွေ့သော ညီတော်မင်းနန်ကို အထူးထူးသော အကြောင်း ဥပါယ်တို့ဖြင့် ဆုံးမ၍ ရဟန္တာအဖြစ်သို့ ရောက်စေတော်မူသည်။ တစ်ပါးသော ရဟန်းက "ငါ့ရှင်နန္ဒ၊ ငြီးငွေ့သလော"ဟု မေးသည်ရှိသော် "မငြီးငွေ့"ဟု ဆို၏။ ထိုအကြောင်းကို ရဟန်းတို့ လျှောက်ထားသောအခါ "ရဟန်းတို့ ရှေးအခါက သူ၏ကိုယ်သည် အမိုးမလုံသောအိမ်နှင့်

mgyoe.com

mgyoe.com


တူ၍ ယခုမူ အမိုးလုံသောအိမ်နှင့်တူလေပြီ”ဟု မိန့်ကြားပြီး တရားပြလေသည်။

အမိုးမလုံသော အိမ်တွင်းသို့ မိုးယိုသကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း မရှိသောသူ၏ စိတ်တွင်းသို့ ကိလေသာရာဂ ယိုကျ၏။

ကောင်းစွာမိုးသော အိမ်တွင်းသို့ မိုးမယိုသကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းသောသူ၏ စိတ်တွင်းသို့ ကိလေသာရာဂ ယိုမကျနိုင်ချေ။

## (၁၀) စုန္ဒသူကရိက (ဝက်ထိုးသမား)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌နေတော်မူသောအခါ၌ စုန္ဒအမည်ရှိသော ဝက်ထိုးသမားသည် ငါးဆယ့်ငါးနှစ်ပတ်လုံး ဝက်သတ်၍ သေခါနီးကာလ၌ ဝက်ကဲ့သို့အော်၍ ဆင်းရဲကြီးစွာရောက်နေ၏။ ခုနစ်ရက်တိုင်မျှ သူ၏အိမ်မှ အမြဲမပြတ် ဝက်အော်သံကြားရ၍ ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားလေသည်။

“မြတ်စွာဘုရား၊ စုန္ဒသည် အဘယ်မျှကြီးကျယ်ခမ်းနားသော မင်္ဂလာအခမ်းအနား ပြုလုပ်နေသည် မသိပေ။ သူ၏အိမ်မှ အစဉ်မပြတ် ဝက်အော်သံကြားနေရပါသည်။ သူ့တွင် မေတ္တာ ကရုဏာအနည်းငယ်မျှ မရှိတကား”

“ရဟန်းတို့၊ ယခုအခါ စုန္ဒ ဝက်မသတ်နိုင်ချေ။ သူ၏မကောင်းမှု အကုသိုလ်က သူ့ကို ပြန်ပြီးသတ်နေခြင်းဖြစ်သည်။ သို့ကြောင့် သူသည် မခံမရပ်နိုင်ဖြစ်ကာ ဝက်ကဲ့သို့ အော်နေရခြင်း ဖြစ်၏။ မကောင်းမှုမည်သည် ဘယ်အခါမျှ မကောင်းချေ”ဟု မြွက်ကြားပြီး ဓမ္မတရား ညွှန်ကြားတော်မူလေသည်။

မကောင်းမှုပြုသောသူသည် ဤဘဝမှာလည်း စိုးရိမ်သောက ဖြစ်ရ၏။ နောင်ဘဝမှာလည်း စိုးရိမ်သောက ဖြစ်ရ၏။ ပစ္စုပ္ပန်

mgyoe.com

mgyoe.com


တမလွန် နှစ်တန်သောဘဝတို့မှာ စိုးရိမ်သောက ဖြစ်ရ၏။ သူသည် မိမိပြုသော မကောင်းမှုကို မြင်၍ စိုးရိမ်ပင်ပန်းရ၏။

## (၁၁) ဓမ္မိကဉပါသကာ (သီတင်းသည်)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌နေတော်မူသောအခါ၌ ဓမ္မိက အမည်ရှိသော သီတင်းသည်သည် ဒါန၊ သီလစသော ကုသိုလ် ကောင်းမှုတို့ကို အခါကာလအားလျော်စွာ ပြုလုပ်နေ၏။ သို့ဖြင့် သေခါနီး ကာလသို့ရောက်သောအခါ ရဟန်းတို့ကို ပင့်၍ မဟာသတိပဋ္ဌာန သုတ်ကို နာကြား၏။ တရားမဆုံးမီ နတ်ပြည်မှ နတ်များ နတ်ရထား ဖြင့် ဆိုက်ရောက်လာပြီး သူ့အား သူ့ထက်ငါခေါ်ကြ၏။ ထိုအခါ သူက "ခဏဆိုင်းကြပါဦး"ဟု ဆိုလေရာ ရဟန်းတို့သည် သူတို့အား တားမြစ်သည် ထင်၍ သုတ္တန်ရွတ်ခြင်းကို ဖြတ်ပြီး ကျောင်းသို့ ပြန်သွားကြကာ မြတ်စွာဘုရားအား လျှောက်ကြားကြ၏။

"မြတ်စွာဘုရား၊ တရားကို လွန်စွာ လိုလားသော ဓမ္မိက ဉပါသကာသည် သေခါနီးကာလတွင် စိတ်ဖောက်ပြန်ပြီး သုတ္တန်ရွတ်ဆို ခြင်းကို တားမြစ်ပါသည်"

"ရဟန်းတို့၊ ဓမ္မိက ဉပါသကာသည် သင်တို့အား တားမြစ်ခြင်း မဟုတ်ချေ။ နတ်တို့အား တားမြစ်ခြင်းသာ ဖြစ်၏" ဟု မိန့်ကြားပြီး ကုသိုလ်၏ အာနိသင်ကို ဟောကြားတော်မူသည်။

> ကောင်းမှုပြုသောသူသည် ဤဘဝမှာလည်း ရွှင်လန်းဝမ်း မြောက်ရ၏။ နောင်ဘဝမှာလည်း ရွှင်လန်းဝမ်းမြောက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့မှာ ရွှင်လန်း ဝမ်းမြောက် ရ၏။ သူသည်မိမိပြုသောကောင်းမှုကို မြင်၍လွန်စွာ ရွှင်လန်း ဝမ်းမြောက်ရ၏။

mgyoe.com

mgyoe.com


## (၁၂) ဒေဝဒတ္တ (ဒေဝဒတ်)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်သည် အဇာတသတ်နှင့် ပူးပေါင်း၍ ဘုရားရှင်ကို သတ်ခြင်းငှာ လေးသမားတို့ကို စေလွှတ်ခြင်း၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်လိမ့်၍ ခြေမ၌သွေးစိမ်းတည်အောင်ပြုခြင်း၊ နာဠာဂီရိဆင်ကို လွှတ်ခြင်း၊ သံဃာကိုသင်းခွဲခြင်းပြုပြီးလျှင် ကိုးလပတ်လုံး ရောဂါရောက်၍ သေခါနီးကာလမှ ဘုရားကို ဖူးမြင်လိုသည်ဟု ထမ်းစင်စီး၍လာရာ ဇေတဝန်ကျောင်း ရေကန်ဝယ် ရေချိုးရန် ထမ်းစင်မှ ဆင်းရာတွင် မြေကြီးခွဲ၍ မျိုလေ၏။ ထိုအကြောင်းကို ရဟန်းတို့ လျှောက်ကြားကြ၍ –

"ရဟန်းတို့၊ ရဟန်းဖြစ်စေ လူဖြစ်စေ မေ့လျော့စွာနေပါလျှင် ပူပန်ရမည်သာတည်း" ဟု မိန့်တော်မူပြီး အကုသိုလ်၏ သဘောကို ဟောကြားတော်မူသည်။

> မကောင်းမှုပြုသောသူသည် ယခုလည်းပူပန်ရ၏။ နောင်လည်း ပူပန်ရ၏၊ ခုရော နောင်ပါ ပူပန်ရ၏၊ မကောင်းမှုကို ငါပြုမိပြီဟု ပူပန်ရ၏။ အပါယ်သို့ရောက်သောအခါ သာ၍ ပူပန်ရလေ၏။

## (၁၃) သုမနာဒေဝီ (သူဌေးသမီး)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် သမီးငယ် သုမနာဒေဝီ သေဆုံးခါနီး၌ "အမယ်သုမနာ" ဟု ခေါ်လိုက်လျှင် –

"မောင်ငယ်၊ အဘယ့်ကြောင့် ခေါ်သနည်း"ဟု ဆို၏။

"ယောင်ယမ်း လေသလော"ဟု မေးလျှင်

"မောင်ငယ်၊ ငါမယောင်ယမ်း" ဆို၍ သေဆုံးသွား၏။ သူဌေးကြီးသည် စိတ်မကောင်းဖြစ်ကာ ထိုအကြောင်းကို မြတ်စွာဘုရားအား သွား၍ လျှောက်ကြားရာတွင် –

mgyoe.com

mgyoe.com


"သူဌေးကြီး၊ သင်ကား သောတာပန်သာတည်း။ သမီးသည် သကဒါဂါမ်ဖြစ်၍ မင်ဖိုလ်တို့ဖြင့် သင့်ထက်ကြီးသောကြောင့် သင့်ကို မောင်ငယ်ဟု ခေါ်သည်။ ယောင်ယမ်းသည် မဟုတ်"ဟု မိန့်ပြီး ဓမ္မ တရားဟောကြားတော်မူသည်။

ကောင်းမှုပြုသူသည် ယခုလည်း နှစ်သက်ရ၏။ နောင်လည်း နှစ်သက်ရ၏။ ခုရော နောင်ပါ နှစ်သက်ရ၏။ ကောင်းမှုကို ငါပြုခဲ့ပြီဟု နှစ်သက်ရ၏။ သုဂတိ ဘဝသို့ရောက်သောအခါ သာ၍ နှစ်သက်ရ၏။

## (၁၄) ဒွေသဟာယက (သူငယ်ချင်းရဟန်းနှစ်ပါး)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကျမ်း ဂန်တတ်သော ဓမ္မာစရိယ ရဟန်းတစ်ပါးသည် မိတ်ဆွေဖြစ်သော ဝိပဿနာ ရဟန်းကို ပြဿနာမေး၍ နှိပ်စက်မည်ရှိသည်တွင်ဘုရားရှင် ကြွတော်မူ၍ ဓမ္မာစရိယအား မင်လေးပါး ပြဿနာမေးရာ မဖြေနိုင်၍ ဝိပဿနာ ရဟန်းအား မေးပြန်၏။ ဝိပဿနာ ရဟန်းက လျင်မြန်စွာ ဖြေလေရာ ဘုရားရှင်ကောင်းချီးပေး၍ ဓမ္မတရားညွှန်ကြားတော်မူသည်။

စာပေ ပရိယတ္တိကို များစွာ သင်ကြားပို့ချငြားလည်း မေ့လျော့စွာ နေသောသူသည် (သူတစ်ပါး၏ နွားများကို ထိန်းကျောင်း၍ ရေတွက်ကာ ပြန်အပ်ရသော နွားကျောင်းသားသည်နွားအရသာ မခံစားရသကဲ့သို့) မင်ဖိုလ် အရသာကို မခံစားရချေ။

စာပေ ပရိယတ္တိကို အနည်းငယ်မျှသာ သင်ကြားပို့ချသော်လည်း တရားနှင့်အညီ အားထုတ်သူသည် ရာဂဒေါသ မောဟကို ခွာ၍ အမှန် ကို သိ၏။ စိတ်သည် ကိလေသာမှ လွတ်၍ ဤဘဝမှ နောင်ဘဝ၌ အစွဲအလမ်း မရှိဘဲ မင်ဖိုလ် အရသာခံစားရ၏။

■

mgyoe.com

mgyoe.com

## အပ္ပမာဒ ဝဂ္ဂ
## မမေ့လျော့ခြင်း တရားစု

### (၁) သာမာဝတီ(မိဖုရား)

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌နေတော်မူသောအခါ မာဂဏ္ဍီသတ်၍ သာမာဝတီ အမှူးရှိသော မောင်းမ ငါးရာ သေကြရ၏။ သို့ကြောင့် ဥတေနမင်းသည် မာဂဏ္ဍီနှင့်တကွ သူ၏ ဆွေမျိုးများစွာကို သတ်ပစ်လေသည်။ ထိုအကြောင်းကို ရဟန်းတို့ ပြောဆိုကြလေရာ ရဟန်းတို့အား မမေ့လျော့က မသေနိုင်ကြောင်း တရားကို ဟောကြားတော်မူသည်။

မမေ့လျော့ခြင်းသည် သေခြင်းမရှိသော နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၏။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းဖြစ်၏။ မမေ့လျော့သောသူတို့သည် သေသည်မမည်ကုန်၊ မေ့လျော့သောသူတို့သည် သေသောသူတို့ကဲ့သို့တည်း။

မမေ့လျော့သော ပညာရှိတို့သည် ဤသို့အထူးကို သိ၍ မမေ့လျော့ခြင်း၌ ဝမ်းမြောက်ကြ၍ သူတို့သည် အရိယာတို့၏ ကျက်စားရာ၌ မွေ့လျော်ကြလေသည်။

mgyoe.com

mgyoe.com


ထိုပညာရှိတို့သည် ဈာန်ရကုန်သည်ဖြစ်၍ အမြဲမပြတ် အားထုတ်ကြသဖြင့် အနှောင်အဖွဲ့ကင်းရာ အမြတ်ဆုံး နိဗ္ဗာန်သို့ရောက်ကုန်၏။

## (၂) ကုမ္ဘဃောသက (သူဌေးကြီး)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌နေတော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်ထံသို့ လာ၍ လျှောက်ထား၏–

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှေးအခါ ယဉ်းအနာတိုက်၍ သေသော ရာဇဂြိုဟ် သူဌေး၏သား ကုမ္ဘဃောသက လုလင်သည် မိဘတို့ အမွေအနှစ် မြှုပ်ထားအပ်သော ဥစ္စာကို ကုဋေလေးဆယ်ရှိလျက် မိမိသူဌေးသား၏အဖြစ်ကို မသိစေဘဲ၊ မထောင်မလွှား နှိမ်းပါးသောအသွင်ဖြင့် ကြာမြင့်စွာနေလေသည်။ ယခုမှ ဥပါယ်တံမျဉ်ဖြင့် သိအောင်ပြု၍ သူဌေးအရာ ပေးရပါသည်"

ထိုအခါ မြတ်စွာဘုရားသည် ကြီးပွားချမ်းသာရေး၊ တရားညွှန်ကြားတော်မူလေသည်။

> ထကြွလုံ့လဝီရိယလည်းရှိ၊သတိလည်းရှိ၊ စင်ကြယ်သောအလုပ်ကိုလုပ်၊ စူးစမ်းဆင်ခြင်၍လည်းပြုလေ့ရှိ ကာယကံကိုလည်းစောင့်စည်း၊ တရားသဖြင့်လည်း အသက်မွေး၍ မမေ့လျော့သော သူအား ကျော်စောခြင်း တိုးပွား၏။

## (၃) စူဠပန္ထက (စူဠပန်)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌နေတော်မူသောအခါ အရှင်စူဠပန်သည် လေးပါဒရှိသော တစ်ဂါထာကို လေးလတိုင်မျှ သင်ကြားသော်လည်း မရနိုင်ဘဲ ဖြစ်နေ၏။ သို့ကြောင့် သူသည် သာသနာတော်မှ ထွက်မည်ပြုသောအခါ ဘုရားသခင်သည် သူ့အား 'ရဇောဟရဏ' ကမ္မဋ္ဌာန်းကို သင်ကြားပေး၏။ သူသည် ထိုကမ္မဋ္ဌာန်းကို စီးဖြန်းလေရာ

mgyoe.com

mgyoe.com


တစ်ခဏချင်း အဘိညာဉ်၊ ပဋိသမ္ဘိဒါ၊ သမာပတ်နှင့်ပြည့်စုံသော ပိဋိကတ်သုံးပုံဆောင် ရဟန္တာအဖြစ်သို့ရောက်သွားလေ၏။ထိုအကြောင်းကို ရဟန်းတို့ ချီးမွမ်းကြလေရာ မြတ်စွာဘုရားသည် သူတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်။

ထကြွလုံ့လရှိခြင်း၊ မမေ့လျော့ခြင်း၊ သီလစောင့်စည်းခြင်း၊ ဣန္ဒြေကို ဆုံးမခြင်းရှိသော ပညာရှိသည် သံသရာသမုဒ္ဒရာ၌ ကိလေသာရေအယဉ် မဖျက်ဆီးနိုင်သော၊ အရဟတ္တဖိုလ်တည်းဟူသော မိမိ မှီရာကျွန်းကို ပြုရာ၏။

## (၄) ဗာလနက္ခတ္တ(လူမိုက်နက္ခတ်ပွဲ)

မြတ်စွာဘုရားဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိမြို့၌ ခုနစ်ရက်ပတ်လုံး ဗာလနက္ခတ်ပွဲသဘင် ခံရာတွင် လူမိုက်တို့၏ အမူအရာ အပြောအဆိုကြောင့် သူတော်ကောင်းတို့ အိမ်တွင်းမှ မထွက်ဝံ့ကုန်။ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့ကိုလည်း မြို့တွင်းသို့ ဆွမ်းခံမဝင်ရန် လျှောက်ကြားပြီး ကျောင်းမှာပင် ဆွမ်းကွမ်းကိစ္စ စီရင်ပေးကြ၏။ ခုနစ်ရက်လွန်မှ ဘုရားကို ပင့်၍ ဆွမ်းကျွေးပြီးလျှင် ဤအကြောင်းကို လျှောက်ထားကုန်၍ ဓမ္မတရား ညွှန်ကြားတော်မူလေသည်။

ပညာမရှိသောသူမိုက်တို့သည် မေ့လျော့ခြင်းဖြင့် အချိန်ဖြုန်းကြ၏။ ပညာရှိသည်ကား မမေ့လျော့ခြင်းကိုသာမြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

မမေ့လျော့ခြင်း မဖြစ်စေကုန်လင့်၊ ကိလေသာအာရုံကာမဂုဏ်၌ မွေ့လျော်ပျော်ပါးတတ်သော တဏှာနှင့် မပေါင်းလင့်၊ မမေ့လျော့သည်ဖြစ်၍ ရှုဆင်ခြင်သူသည် ကြီးကျယ်သော သုခသို့ ရောက်၏။

mgyoe.com

mgyoe.com


## (၅) မဟာကဿပ (ရှင်မဟာကဿပ)

မြတ်စွာဘုရားဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် ပိပ္ပလိဂူ၌ သီတင်းသုံးနေ၏။ ထိုအခါ သူသည် သတ္တဝါတို့ဖြစ်ခြင်း၊ သေခြင်းတရားကို ဆင်ခြင်စဉ်းစားနေ၏။ မည်သို့ စဉ်းစားသော်လည်း သူ၏ဉာဏ်တွင် ပိုင်းခြား ထင်ထင် မသိမြင်နိုင်ဘဲ ဖြစ်နေရာ မြတ်စွာဘုရားသည် ဇေဝတန်ကျောင်းမှနေ၍ ရောင်ခြည်တော်လွှတ်ကာ –

"ကဿပ၊ သတ္တဝါတို့၏ဖြစ်ခြင်း၊ သေခြင်း အပိုင်းအခြားကို သိရန်မှာ သင်၏အရာမဟုတ်ချေ။ မမေ့မလျော့ခြင်းသာ သင်၏အရာဖြစ်၏"ဟု မိန့်တော်မူပြီး ဓမ္မတရား ဟောကြားတော်မူသည်။

> ပညာရှိသည် မမေ့လျော့သော သတိဖြင့် မေ့လျော့ခြင်းကို ပယ်ဖျောက်၍ စိုးရိမ်ကြောင့်ကြကင်းစွာ ပညာတည်းဟူသော ပြာသာဒ်ပေါ်သို့တက်ပြီး စိုးရိမ်ကြောင့်ကြရှိသော သတ္တဝါအပေါင်းကို ကြည့်၏။ တောင်ထိပ်ပေါ်က လူသည် မြေပြင်က လူတို့ကို မြင်ရသကဲ့သို့ ပညာရှိသည် သူမိုက်တို့ကို မြင်ရလေသည်။

## (၆) ဒွေသဟာယက (သူငယ်ချင်းရဟန်းနှစ်ပါး)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူ၍ တောကျောင်းသို့ဝင်သော သူငယ်ချင်း ရဟန်းနှစ်ယောက်တို့တွင် တစ်ယောက်ကား သာမဏေငယ်တို့နှင့် ရယ်မောပြောဆိုလျက် မေ့မေ့လျော့လျော့နေသည်။ တစ်ယောက်ကား မမေ့မလျော့ အားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထိုရဟန်းနှစ်ယောက်တို့သည် သီတင်းဝါလကျွတ်၍ မြတ်စွာဘုရားထံသို့ ရောက်ကြသည်ရှိသော် မေ့လျော့သော ရဟန်းကို ကဲ့ရဲ့တော်မူပြီး ဓမ္မတရား

mgyoe.com

mgyoe.com


ဟောကြားတော်မူသည်။

မေ့လျော့ကုန်သောသူတို့တွင် မမေ့လျော့သော၊ အိပ်ပျော်သောသူတို့တွင် နိုးကြားတတ်သော သူတော်ကောင်း ပညာရှိသည် (ခွန်အားကြီး၍ လျင်မြန်သော မြင်းကောင်းသည် အားမရှိသောမြင်းပိန်ကို နောက်ချန်ကာ ရှေ့သို့တက်သွားသကဲ့သို့) မေ့လျော့သောသူကို သံသရာ၌ ချန်ထားခဲ့၍ နိဗ္ဗာန်သို့ သွားလေ၏။

## (၇) မာဃ (သိကြားလမ်းစဉ်)

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူသောအခါ မဟာလိ အမည်ရှိသော လိစ္ဆဝီမင်းသည် သိကြား (မာဃ) ဖြစ်ခြင်းအကြောင်းကို မေးလျှောက်ရာတွင် –

မိဘကိုလုပ်ကျွေးခြင်း၊ ကြီးသူတို့ကို အရိုအသေပြုခြင်း၊ ပြေပြစ်သော စကားကိုဆိုခြင်း၊ ကုန်းတိုက်သောစကားကို ပယ်ခြင်း၊ သစ္စာကိုဆိုခြင်း၊ ဝန်တိုကင်းခြင်း၊ အမျက်ကို နှိမ်နင်းခြင်း၊ ဤသိကြားကျင့်ဝတ် ခုနစ်ပါးကို ဟောကြားတော်မူပြီး ဓမ္မတရား ညွှန်ကြားတော်မူလေသည်။

မမေ့လျော့ခြင်းကြောင့် သိကြားမင်း မာဃသည် နတ်တကာတို့ထက် မြတ်သော အကြီးအမှူးအဖြစ်သို့ရောက်၏။ မမေ့လျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

## (၈) အညတရဘိက္ခု (ရဟန်းတစ်ပါး)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတစ်ယောက်သည် မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းယူ၍ တောသို့ဝင်ပြီး

mgyoe.com

mgyoe.com


စီးဖြန်းပါသော်လည်း အရဟတ္တဖိုလ်သို့မရောက်နိုင်သောကြောင့် မြတ်စွာဘုရားအထံသို့ ပြန်၍အလာတွင် တောမီးလောင်သည်ကို မြင်၍ 'ဤမီးသည် လောင်စာတို့ကို ကျွမ်းစေသကဲ့သို့ အရဟတ္တမဂ်သည် သံယောဇဉ်တို့ကို လောင်ကျွမ်းစေသည် ဖြစ်လတ္တံ့'ဟု ဆင်ခြင်သည်ကို ဇေတဝန်ကျောင်း၌ နေတော်မူလျက် သိတော်မူ၍ရောင်ခြည်တော် လွှတ်ပြီး ထိုရဟန်း၏ ရှေ့၌ တည်ဘိသကဲ့သို့ ဓမ္မတရား ဟောကြား တော်မူလေသည်။

မီးသည် ကြီးငယ်မရှောင် လောင်စာဟူသမျှကို လောင်၍ သွားသကဲ့သို့ မမေ့လျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၏ အပြစ်ကို မြင်သော ရဟန်းသည် နည်းများမဟူ သံယောဇဉ် အနှောင်အဖွဲ့ဟူသမျှကို အရိယာမဂ်မီးဖြင့် ရှို့လျက် နိဗ္ဗာန်သို့သွား လေ၏။

## (၉) နိဂမ ဝါသိ တိဿ (တောနေရဟန်း)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တိဿ အမည်ရှိသောရဟန်းသည် ပသေနဒီကောသလမင်း၊ အနာထပိဏ်သူဌေး စသူတို့ အများအပြား အလှူဒါနပြုသော်လည်း တစ်ခါမျှ သာဝတ္ထိမြို့ သို့ မလာချေ။ ဆွေမျိုးများရှိရာ ကျေးရွာ (နိဂမ–နိဂုံး)၌သာ နေ၏။ သို့ကြောင့် သူ့ကို နိဂမ တိဿဟု ခေါ်ကြ၏။ ယင်းသို့လျှင် ဆွေမျိုးတို့ ၏ရွာ၌သာ ရသမျှဖြင့် ရောင့်ရဲနေသောသူကို အကြောင်းပြု၍ မြတ်စွာ ဘုရားသည် ရဟန်းတို့အား ဓမ္မတရား ဟောကြားတော်မူလေသည်။

မမေ့လျော့ခြင်း၌ မွေ့လျော်၍၊ မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိ သော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှာမထိုက်၊ နိဗ္ဗာန်နှင့်သာ လျှင် နီးကပ်၏။

■

mgyoe.com

mgyoe.com

## စိတ္တဝဂ္ဂ
### စိတ်တရားစု

**(၁) မေဃိယ (ရဟန်း)**

မြတ်စွာဘုရား စာလိယတောင်၌ နေတော်မူသောအခါ အရှင်မေဃိယသည် ထိုတောင်အနီး သရက်တော၌ ကမ္မဋ္ဌာန်း ထိုင်နေ၏။ သူသည် စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ ကြိုးစား၍ တင်သော်လည်း ကမ္မဋ္ဌာန်းအာရုံတွင် မနေချေ။ တစ်ခါတစ်ရံ ကာမအာရုံသို့ရောက်သွား၍ တစ်ခါတစ်ရံ ဒေါသနှင့် ယှဉ်၏။ တစ်ခါတစ်ရံ သူတစ်ပါး ပျက်စီးကြောင်းကို စဉ်းစားလျက်၊ တစ်ခါတစ်ရံ ညှဉ်းဆဲရေးကို ကြံတွေးမိ၏။ ဤဝိတက်တို့ကို ကြိုးစား၍ ဖယ်ခွာသော်လည်း မရနိုင်သဖြင့် ထ၍ ပြန်ခဲ့ရာ မြတ်စွာဘုရားခေါ်၍ ဓမ္မတရား ညွှန်ကြားတော်မူ၏။

လေးသမားသည် မြားကောက်ကို တဖြည်းဖြည်း ဖြောင့်သကဲ့သို့ ပညာရှိသည် လှုပ်ရှားသော၊ လျှပ်ပေါ်သော၊ စောင့်စည်းနိုင်ခဲသော၊ တားဆီးနိုင်ခဲသောစိတ်ကို တဖြည်းဖြည်း ဖြောင့်ပေးလေသည်။

ရေမှဆယ်ကာ ကုန်းပေါ်သို့ပစ်တင်လိုက်သော ငါးသည်

mgyoe.com

mgyoe.com


ဆွေ့ဆွေ့ခုန်နေသကဲ့သို့ စိတ်သည် ကာမဂုဏ်အာရုံမှ ထုတ်၍ ကမ္မဋ္ဌာန်းဘာဝနာသို့ တင်လိုက်သောအခါ တုန်လှုပ်နေလေသည်။

## (၂) အညတရ ဘိက္ခု (ရဟန်းတစ်ပါး)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်း တစ်ယောက်သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ သာဝတ္ထိမြို့၏ ကျေးလက် မာတိကာ မည်သောရွာကို ကမ္မဋ္ဌာန်းစီးဖြန်းနေရန် သွား လေသော် ထိုရွာ၌ သူကြီးအမိဖြစ်သော အနာဂါမ် ဒါယိကာမကြီးသည် ထိုရဟန်းကို သိသည် ဖြစ်၍ တောင့်တကြံစည်တိုင်းသော ရသာချိုချဉ် ဘောဇဉ်ခဲဖွယ်တို့ကို ပို့စေ၏။ ကိုယ်တိုင်လာမူ ကောင်းလေစွဟု ကြံလျှင် ကိုယ်တိုင်လာ၏။ ရဟန်းသည် ဤသို့ကြံ၏။ 'ဤဒါယိကာမ ကြီးသည် ကြံသမျှသော ငါ၏စိတ်ကို သိ၏။ မတင့်တယ် မလျောက် ပတ်သည်ကို ကြံမိသည်ရှိသော် ခိုးထုပ်ခိုးထည်နှင့် ပုန်းကွယ်ရာ မရှိ။ ဖမ်းမိသော သူခိုးကဲ့သို့ ရှက်အိုးကြီး ကွဲရာသည်'ဟု ကြောက်ရွံ့စိုးရိမ် သောကြောင့် မြတ်စွာဘုရားအထံသို့ ထွက်ပြေးခဲ့၍ ဤအကြောင်းကို လျှောက်၏။ ဘုရားရှင်သည် ထိုရဟန်းကို ဆုံးမခြင်းငှာ ဟောကြား တော်မူသည်။

> နှိမ်နင်းရန် ခဲယဉ်းသော၊ လျင်မြန်သော၊ တွေ့လေရာ
> ကာမဂုဏ်၌ ကျရောက်တတ်သောစိတ်ကိုဆုံးမလျှင်ကောင်း၏။
> ယဉ်ကျေးသော စိတ်သည် ချမ်းသာကို ဆောင်၏။

## (၃) ဥက္ကဏ္ဌိတ (လူထွက်ချင်သော ရဟန်း)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ သာဝတ္ထိ မြို့၌ သူဌေးသားတစ်ယောက်သည် သာသနာတော်၌ ရဟန်းပြု၍ ဆရာဥပဇ္ဈာယ်တို့ ပြောဟောအပ်သော သုတ် အဘိဓမ္မာ၌လာသော

mgyoe.com

mgyoe.com


ကျင့်ရေး ကျင့်ရာ ကျင့်ခန်း၊ ဝိနည်း၌လာသော ကျင့်ရေးကျင့်ရာ ကျင့်ခန်းများစွာကို ကြားလျှင် 'သာသနာတော်၌ ပြဋ္ဌာဖွယ်ကိစ္စများပြား၏။ နေနိုင်စရာမရှိ၊ လူထွက်တော့အံ့'ဟု ကြံ၍ မြတ်စွာဘုရားကို လျှောက်ရာတွင် ထိုရဟန်းကို မေးတော်မူ၏။

"ရဟန်း၊ သို့ဖြစ်ပါလျှင် တစ်ခုတည်းသောအကျင့်ကို ကျင့်နိုင်မည်လော"

"တစ်ခုတည်းကိုကား ကောင်းစွာ ကျင့်နိုင်ပါမည်။ ဘယ်အကျင့်ပါနည်း"

"သင်၏ စိတ်တစ်ခုတည်းကိုသာ လုံခြုံအောင် စောင့်လော့"ဟု မိန့်တော်မူပြီး ဟောကြားတော်မူသည်။

မြင်တွေ့ရန် လွန်စွာခဲယဉ်းသော၊ အလွန်သိမ်မွေ့သော တွေ့ရာကာမဂုဏ်၌ ကျရောက်တတ်သော စိတ်ကိုပညာရှိသည် စောင့်ရှောက်ရာ၏။လုံခြုံစွာစောင့်ရှောက်အပ်သော စိတ်သည်ချမ်းသာကိုဆောင်တတ်၏။

## (၄) သံဃရက္ခိတ (ရဟန်း)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သံဃရက္ခိတမည်သော ပဉ္စင်းငယ်တစ်ယောက်သည် ဆရာဥပဇ္ဈာယ်ကို ယပ်ခတ်၍ နေစဉ်တွင် လူစိတ်ကူးသည်ဖြစ်၍ ဤသို့ကြံ၏ 'ငါသည် သင်္ကန်းလျာ ဖျင်ပုဆိုးကို ရောင်း၍ ဆိတ်မဝယ်အံ့၊ ဆိတ်မကမွေးသော ဆိတ်ငယ်ကိုရောင်းချ၍ ဥစ္စာစုအံ့၊မယားတစ်ယောက်ရှာအံ့၊ သားရလျှင် သားမယားနှင့်တကွ လှည်းယဉ်စီး၍ ဆရာအထံ ကန်တော့လာအံ့၊ လမ်း၌ သားငယ်လှည်းပေါ်မှကျ၍ မယားကိုစိတ်ဆိုး၍ နှင်တံဖြင့်ရိုက်အံ့' ဟု အရိုက်တွင် ဆရာ၏ ဦးခေါင်းကို ယပ်ဖြင့် ခတ်မိလေ၏။ ဆရာသည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်၍ ဟောတော်မူသည်။

စိတ်သည်အဝေးကိုလည်း သွားတတ်၏။ တစ်ခုပြီး တစ်ခု

mgyoe.com

mgyoe.com


ဖြစ်တတ်၏။ အကောင်အထည်လည်းမရှိ၊ ဟာဒယနှလုံးကို မှီပြီး ဖြစ်၏။ ဤစိတ်ကို လုံခြုံစွာ စောင့်ရှောက်သူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကုန်၏။

## (၅) စိတ္တ ဟတ္ထ (သူကြွယ်)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ စိတ်အလိုအားဖြင့် ခုနစ်ကြိမ်တိုင်အောင် လူထွက်၍ ရဟန်းပြုသော စိတ္တဟတ္ထရဟန်းသည် နောက်ဆုံး ရဟန်းပြုရာတွင် "အနိစ္စံ ဒုက္ခံ"ဟု ရေရွတ်လျက် ရဟန္တာအဖြစ်သို့ ရောက်၍ သာသနာတော်၌ မငြီးငွေ့ပျော်မွေ့သောအကြောင်းကို ရဟန်းတို့အား ပြော၏။

ရဟန်းတို့သည် မယုံကြည်၍ မြတ်စွာဘုရားကို လျှောက်ရာတွင် ရှင်းပြတော်မူသည်။

တည်ကြည်သော စိတ်လည်းမရှိ၊ သူတော်ကောင်းတရားကိုလည်းမသိ၊ သဒ္ဓါတရားလည်း မခိုင်မာသောသူအား ပညာမပြည့်ချေ။

ရာဂဖြင့် မစွတ်စိုသော စိတ်လည်းရှိ၏။ ဒေါသဖြင့် မထိပါးသောစိတ်လည်းရှိ၏။ ကောင်းမှု မကောင်းမှုကို ပယ်ပြီး၍ နိုးကြားနေသူမှာ ကြောက်စရာဘေးမရှိချေ။

## (၆) ပဉ္စသတ ဘိက္ခု (ရဟန်းငါးရာ)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းယူ၍ မဟာဝါသရွာ၏အနီးဖြစ်သော တောအုပ်ကြီးသို့သွားကုန်သော ရဟန်းငါးရာတို့သည် ရုက္ခစိုးနတ်တို့ အထူးထူးသောကြောက်မက်ဖွယ်ကိုပြလျက် ခြောက်လှန့်ကုန်သောကြောင့် မြတ်စွာဘုရားအထံသို့ ပြန်ခဲ့ကြ၏။ ဘုရားရှင်သည် ဘေးဆီးရန်ကာ အလို့ငှာ

mgyoe.com

mgyoe.com


မေတ္တာသုတ် ပရိတ်တော်ကို ဟောတော်မူ၍ ထိုတောအုပ်သို့ပင် လွှတ်လိုက်၏။ ရဟန်းတို့သည် ပရိတ်ရွတ်၍ ဘေးရန်ကင်းကာ စိတ်တည်ငြိမ်စွာဖြင့် ဝိပဿနာ ရှုနိုင်ကြ၏။ ထိုအခါ ဘုရားရှင်သည် ဇေတဝန်ကျောင်းမှ ရောင်ခြည်တော်လွှတ်၍ ညွှန်ပြတော်မူသည်။

ဤကိုယ်ကာယကို အိုးနှင့်တူစွာ မကြာမတည် ပျက်တတ်သည် ကိုသိ၍ ခိုင်ခံ့သောမြို့နှင့်တူသည့် ဤဝိပဿနာစိတ်ကို ဖြစ်စေ၍ ပညာလက်နက်ဖြင့် ရန်သူကို စောင့်ရာ၏။ ရပြီးသော ဈာန်ချမ်းသာကို သာယာငြိကပ်၍ မနေရာ။

## (၇) ပူတိဂတ္တတိဿ (အနာပေါက်သော ရဟန်း)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ တိဿ အမည်ရှိသော ရဟန်းမှာတစ်ကိုယ်လုံးအနာ ဖူးရှူးပေါက်၍ သွေးပြည် လိမ်းကျံ နံစော်ညှီပုပ် စက်ဆုပ်ဖွယ် ဖြစ်နေ၏။ တစ်နေ့မနက်တွင် မြတ်စွာဘုရားသည် ထိုရဟန်းကို တွေ့မြင်၍ ကိုယ်တော်တိုင် ရေနွေး ကျိုပြီး ဆေးကြောသုတ်သင်ပေး၏။ ထိုအခါ တိဿသည် အတော် အတန် ပေါ့ပေါ့ပါးပါး ဖြစ်သွားပြီး တည်ကြည်စိတ်ဖြင့် အိပ်ရာတွင် လဲလျောင်းနေရာ မြတ်စွာဘုရားသည် သူ၏ခေါင်းရင်း၌ ရပ်ကာ ဓမ္မ တရား ညွှန်ကြားတော်မူသည်။

ဤကိုယ်ကာယသည် မကြာမီ ဝိညာဉ်ကင်း၍ စွန့်ပစ်ရမည့် အခြေသို့ ရောက်ပြီးလျှင် အသုံးမဝင်သော ထင်းတုံးကဲ့သို့ မြေ၌ တုံးလုံး ပက်လက် အိပ်စက်ရလိမ့်မည်။

## (၈) နန္ဒဂေါပါလက (နွားကျောင်းသား)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ နွား ကျောင်းသား နန္ဒသည် ဘုရားအမှူးရှိသော သံဃာကို ပင့်ပြီး ခုနစ်ရက်

mgyoe.com

mgyoe.com


ပတ်လုံး နို့ဆွမ်း၊ထောပတ်ဆွမ်း၊ နို့မုန့် စသည်တို့ဖြင့် လုပ်ကျွေး ပူဇော်၏။ ခုနစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားကိုယ်တိုင် အနုမောဒနာတရားဟောကြားတော်မူရာ ဒေသနာအဆုံးတွင် နန္ဒသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွား၏။ မြတ်စွာဘုရား ပြန်ကြွသောအခါ နန္ဒသည် သပိတ်ထမ်း၍ လိုက်ပို့၏။ အပြန်တွင် ရန်သူ မုဆိုးသတ်၍ သေရခြင်းကို အကြောင်းပြု၍ ရဟန်းတို့အား တရားဟောကြားတော်မူသည်။

ခိုးသူသည် ခိုးသူတစ်ယောက်ကို၊ သို့မဟုတ် ရန်သူသည် ရန်သူတစ်ယောက်ကို မြင်လျှင် ဤဘဝမှာသာ အကျိုးမဲ့ ဖျက်ဆီးနိုင်၏။ ယုတ်မာစွာ ရန်ငြိုးထားသော စိတ်သည် မိမိကိုယ်ကို ဘဝများစွာ ယုတ်မာအောင်ပြုပြီး အကျိုးမဲ့ ဖျက်ဆီးလေသည်။

## (၉) သောရေယျ (သူဌေးသား)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ အရှင်မဟာကစ္စည်းကို ပြစ်မှားမိသော သောရေယျ သူဌေးသားသည် ထိုခဏ၌ပင် မိန်းမဖြစ်၍ သားနှစ်ယောက် မွေးခါမှ အရှင်ကို ကန်တော့၍ ယောကျ်ားဖြစ်ပြန်သော် အရှင်၏အထံ၌ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ရောက်လေ၏။ ထိုအခါ ရဟန်းတို့က "ယောကျ်ားဖြစ်စဉ်က ရသည့် သားနှစ်ယောက်နှင့် မာတုဂါမ ဖြစ်မှရသော သားနှစ်ယောက်တို့တွင် အဘယ်သားတို့ကို သာ၍ ချစ်သနည်း"ဟု မေးကြရာ "သားလေးယောက်လုံးကိုပင် ချစ်ခြင်းမရှိ"ဟု ဖြေ၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြ၍ မိန့်ကြားတော်မူသည်။

ချမ်းသာကို အမေလည်းမပေးနိုင်၊ အဖေလည်းမပေးနိုင်၊ ဆွေမျိုးတို့လည်း မပေးနိုင်ကြ၊ ကောင်းစွာ စောင့်ရှောက်သော စိတ်သာလျှင် မိဘဆွေမျိုးတို့ထက် ပိုလွန်၍ပေးနိုင်၏။

mgyoe.com

mgyoe.com

# ပုပ္ဖ ဝဂ္ဂ
## ပန်းတရားစု

### (၁) ပဉ္စသတဘိက္ခု (ရဟန်းငါးရာ)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းငါးရာတို့သည် အစည်းအဝေးခန်းမ၌ စည်းဝေး၍ ဤမည်သော ဌာနတို့၌ မြေကောင်းသည် ညီညွတ်သည် စသည်ဖြင့် မြေကြီးအကြောင်းကို ပြောဆိုနေကြ၏။ ထိုစဉ်တွင် မြတ်စွာဘုရား ကြွလာပြီး။

"ရဟန်းတို့ သင်တို့သည် ယခုအခါ ဘယ်စကားကို ဆွေးနွေးနေကြသနည်း" ဟု မေးတော်မူရာ "မြေအကြောင်းကို ပြောနေကြပါသည် မြတ်စွာဘုရား" ဟု လျှောက်ကြ၍ သူတို့အား ညွှန်ကြားတော်မူသည်။

> ဘယ်သူသည် ဤကိုယ်ခန္ဓာမြေကြီးကို ဝေဖန်စိစစ်သနည်း။ အပါယ်ဘုံ နတ်ဘုံနှင့်တကွသော ဤလူ့ဘုံကို ဘယ်သူ ဝေဖန်စိစစ်သနည်း။ ကျွမ်းကျင်သော ပန်းသည်သည် ပန်းတို့ကို ရွေးချယ်စိစစ်သကဲ့သို့ ကောင်းစွာ ဟောကြားသော ဓမ္မတရားကို ဘယ်သူရွေးချယ်စိစစ်သနည်း။

mgyoe.com

mgyoe.com


တရားကျင့်သူသည် ဤခန္ဓာကိုယ် မြေကြီးကို ဝေဖန်စိစစ်မည်၊ အပါယ်ဘုံ နတ်ဘုံနှင့် တကွသော ဤလူ့ဘုံကို တရားကျင့်သူ ဝေဖန် စိစစ်မည်။ ကျွမ်းကျင်သော ပန်းသည်သည် ပန်းတို့ကို ရွေးချယ်စိစစ်သကဲ့သို့ ကောင်းစွာ ဟောကြားသော ဓမ္မတရားကို တရားကျင့်သူ ရွေးချယ် စိစစ်လိမ့်မည်။

## (၂) ကမ္မဋ္ဌာနိက ဘိက္ခု (ကမ္မဋ္ဌာန်းရှုသော ရဟန်း)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် တောသို့သွားကာ စီးဖြန်း၏။ ကြိုးကြိုးစားစား စီးဖြန်းပါသော်လည်း တရားမတွေ့နိုင်သဖြင့် မြတ်စွာဘုရားအထံ ပြန်ကြားလျှောက်ထားရန် ပြန်လာရာ လမ်းခရီးအကြား အစိရဝတီမြစ်သို့ ရောက်သောအခါ ရေအဟုန်ကြီတ်ခြေသဖြင့် ထလာသော ရေမြှုပ်တို့ဖြစ်လိုက် ပျက်လိုက်ဖြစ်နေသည်တို့ကို တွေ့မြင်ရ၍ 'ဤခန္ဓာလည်း ဖြစ်ပြီးလျှင် ဤနည်းတူစွာ ပျက်လိမ့်မည်'ဟု စဉ်းစားကြည့်၏။ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တွင် နေလျက် ရောင်ခြည်တော်ဖြင့် ဓမ္မတရားညွှန်ကြားတော်မူသည်။

ဤကိုယ်ကာယကို ရေမြှုပ်ပမာ တံလျှပ်ပမာ ကောင်းစွာ ဆင်ခြင်တွေ့မြင်ပါလျှင် မာရ်မင်း၏ ပန်းပွင့်တို့ကို ခြွေ၍ သေမင်းမမြင်ရာသို့ ရောက်ရာ၏။

## (၃) ဝိဋဋူဘ (မင်း)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဝါသဘခတ္တိယာ မိဖုရားမှမွေးသော ပသေနဒီကောသလမင်းကြီး၏ သား ဝိဋူဋူဘသည် ကပိလဝတ်ပြည်မှ သာကီဝင် မင်းသားအပေါင်းတို့ကို

mgyoe.com

mgyoe.com


သတ်၏။ သတ်ပြီး၍ အပြန်တွင် အစိရဝတီ မြစ်နား၌ စစ်သည် ဗိုလ်ပါနှင့်တကွ တပ်ချ၍ အိပ်နေစဉ်တွင် ရုတ်တရက် မြစ်ရေတက်လာပြီး ရေအလျဉ်ဖြင့် စစ်သည်နှင့်တကွ ဝိဋူဍဘမင်း မျော၍ သေကျေ ပျက်စီးရ၏။ ထိုသတင်းတို့ကို မြတ်စွာဘုရားကြားသိသောအခါ ရဟန်းတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်။

> ပန်းတို့ကို ကောင်းနိုးရာရာ ရွေးချယ်သောသူကဲ့သို့ ကာမဂုဏ်အာရုံကို အစွဲအလမ်းကြီးစွာ ရွေးချယ်နေသော လူအပေါင်းကို (ကြီးစွာသော ရေအလျဉ်သည် အိပ်မောကျနေသော ရွာကို လွှမ်းမိုးခေါ်ဆောင်သွားသကဲ့သို့)သေမင်းခေါ်ဆောင်သွားလေ၏။

## (၄) ပတိပူဇိကာကုမာရီ (လင်ကို ပူဇော်သူ)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ တာဝတိံသာ၌ ဥယျာဉ်သို့ဝင်၍ ပန်းဆွတ်နေသော နတ်သမီးတစ်ယောက်သည် စုတေ၍ သာဝတ္ထိပြည်၌ အမျိုးသမီးဖြစ်၏။ သားလေးယောက်ရမှ သေလွန်သည်ရှိသော် တာဝတိံသာဝယ် ရှေးဖြစ်မြဲ ပန်းဥယျာဉ်၌ ဖြစ်ပြန်၏။ ထိုအခါ ခင်ပွန်းဖြစ်သော မာလာဘာရီနတ်သားက "နံနက်ခင်းက သင့်ကို မမြင်။ အဘယ်သို့သွားသနည်း" ဟု မေးလျှင် စုတေ၍ လူဖြစ်ပြီး တစ်ဖန် နတ်ဖြစ်လာကြောင်းတို့ကို ပြောပြ၏။ ထိုနတ်သမီးသည် လင်ကိုပူဇော်သောကြောင့် ပတိပူဇိကာ အမည်ရှိ၏။ ဘုရားရှင်လည်း ဤအကြောင်းကို ရဟန်းတို့အား ဟောကြားပြီးလျှင် ဓမ္မတရား ညွှန်ကြားတော်မူသည်။

> ပန်းတို့ကို ရွေးချယ်သောသူကဲ့သို့ ကာမဂုဏ် အာရုံတို့ကို အစွဲအလမ်းကြီးစွာ ရွေးချယ်တောင့်တသူအပေါင်းသည် ကာမဂုဏ်တို့၌ အလိုဆန္ဒ မပြည့်မီပင် သေမင်းခေါ်ရာသို့ လိုက်ရလေ၏။

mgyoe.com

mgyoe.com


## (၅) မစ္ဆရိယ သေဋ္ဌိ (နှမြောသော သူဌေး)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၏အနီး သက္ကရနိဂုံး၌ သူတစ်ပါးတို့အား ပေးရအံ့သည်ကို နှမြောလှသောကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်သို့တက်၍ မိမိတို့သားမယားကို မုန့်ကြော်စေသော မစ္ဆရိယကောသိယ သူဌေးကို မစ္ဆေရပျောက်အောင်၊ သဒ္ဓါတရားပေါက်အောင် ဟောကြားဆုံးမ၍ မြတ်စွာဘုရားထံသို့ ယူဆောင်ခဲ့သော အရှင်မဟာမောဂ္ဂလာန်၏ ဂုဏ်ကျေးဇူးကို အကြောင်းပြု၍ 'ရဟန်းတို့မည်သည် ပျားပိတုန်းကဲ့သို့ ကျင့်အပ်ကြောင်း'ကို ဟောတော်မူသည်။

> ပျားပိတုန်းတို့သည် အဆင်းအနံ့ မပျက်စေဘဲ၊ ပန်းဝတ်ရည်ကို စုပ်ယူသွားသကဲ့သို့ ရဟန်းသည် မြို့ရွာ၌ လူတို့၏သဒ္ဓါတရားအဆင်းအနံ့ကို မထိခိုက် မပျက်ပြားစေဘဲ ပစ္စည်းလေးပါးဝတ်ရည်ကို စုပ်ယူကျင့်သုံးရာ၏။

## (၆) ပါဝေယျ အာဇီဝက (တက္ကတွန်း)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ထိုပြည်၌ သူကြွယ်မတစ်ယောက်သည် ဘုရားရှင်ကို အိမ်သို့ပင့်၍ တရားတော်ကို နာလျှင် ထိုသူကြွယ်မ သားပြု၍ မွေးကျွေးပြုစုအပ်သော ပါဝေယျမည်သော တက္ကတွန်း (အာဇီဝက)သည် မစ္ဆေရနှိပ်စက်၍ သည်းမခံနိုင်ရကား ဘုရားရှင်ကိုလည်းကောင်း၊ ဒါယိကာမကြီးကိုလည်းကောင်း ဆဲရေးလေ၏။ ဘုရားရှင်သည် ဒါယိကာမကြီး နှလုံးမသာခြင်းကို သိတော်မူ၍ ပျောက်ငြိမ်း စိမ့်သောငှာ ညွှန်ကြားတော်မူသည်။

> သူတစ်ပါးတို့၏ မလျော်သောအမှုကို မရှုရာ၊
> သူတစ်ပါးတို့၏ ကောင်းမှု မကောင်းမှုကို မရှုရာ၊
> မိမိ၏ကောင်းမှု မကောင်းမှုကိုသာ ရှုရာ၏။

mgyoe.com

mgyoe.com


## (၇) ဆတ္တပါဏိ (ဥပသကာ)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဆတ္တပါဏိ အမည်ရှိသော ဥပသကာသည် ပညာရှိ၏။ တရားကို သိ၏။ ပိဋကတ်သုံးပုံကို ဆောင်၏။ ယဉ်ကျေးသိမ်မွေ့၏။ ပသေနဒီ ကောသလမင်းကြီးသည် မင်းဖုရားတို့ကို စာပေသင်ကြားပေးရန် သူ့ကို ခေါ်၏။ သို့ရာတွင် မင်းအိမ်ဝယ်လူသားတို့အနေဖြင့် အန္တရာယ်များလှ၍ သူလက်မခံချေ။ သူ၏ အကြံပေးချက်အရ မင်းကြီးသည် အရှင်အာနန္ဒာအား တောင်းပန်ပြီး မိဖုရားများ စာသင်ရေးကို စီစဉ်၏။ အရှင်အာနန္ဒာ၏ အထံ၌ မလ္လိကာမိဖုရား၏ ရိုသေစွာစာသင်ခြင်း၊ ဝါသဘခတ္တိယာ မိဖုရား၏ မရိုမသေ စာသင်ခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူသည်။

> လှပသောအဆင်းသာရှိ၍ အနံ့မရှိသောပန်းသည် အကျိုးမရှိသကဲ့သို့၊ ကောင်းစွာဟောကြားသော တရားသည်လည်း ရိုသေလေးစားခြင်းမရှိသူအား အကျိုးမရှိချေ။
>
> အရောင်အဆင်းလှပ၍ မွှေးကြိုင်သောပန်းသည် အကျိုးရှိသကဲ့သို့၊ ကောင်းစွာ ဟောကြားသော တရားသည်လည်း ရိုသေလေးစားခြင်း ရှိသူအား အကျိုးများ၏။

## (၈) ဝိသာခါ (ကျောင်းအမကြီး)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဝိသာခါသည် နှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတို့ဖြင့် ပုဗ္ဗာရုံကျောင်းကြီး ဆောက်၍ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းပူဇော်၏။ ကျောင်းလွှတ်ပူဇော်ပွဲကြီး ပြုလုပ်ပြီးသောအခါ ဝိသာခါသည် သားသမီး မြေးမြစ်တို့ ခြံရံလျက် ဝမ်းမြောက်စွာ ဥဒါန်းကျူးလေလျှင် ရဟန်းတို့က မြတ်စွာဘုရားအား "မြတ်စွာဘုရား၊ ကျွန်ုပ်တို့သည် ဝိသာခါ၏သီချင်း

mgyoe.com

mgyoe.com


သံကို တစ်ခါမျှ မကြားဖူးကြပါ။ ယနေ့ သူဘယ်ကြောင့် သိချင်းသိပါသနည်း"ဟု လျှောက်ကြားကြရာ "ရဟန်းတို့၊ ငါ့သမီးသီချင်း မသိပါ။ သူမျှော်လင့်တောင့်တခဲ့သမျှ ပြည့်စုံ၍ ဥဒါန်းကျူးခြင်းသာ ဖြစ်သည်"ဟု မိန့်ကြားကာ ဓမ္မတရားကို ညွှန်ကြားတော်မူသည်။

> ပန်းအစုအပုံမှ ပန်းကုံးပေါင်းများစွာ ကုံးသကဲ့သို့၊ မွေးတတ်သေတတ်သောသူသည် ဥစ္စာပန်း အစုအပုံမှ ကုသိုလ်ပန်းကုံးများစွာတို့ကို သီကုံးသင့်ပေ၏။

## (၉) အာနန္ဒပဉှာ (ညီတော်အာနန္ဒာ၏ ပြဿနာ)

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ အရှင်အာနန္ဒာသည် ညနေချမ်းအခါ ဆိတ်ငြိမ်ရာတွင်နေလျက် 'မြတ်စွာဘုရားသည် အမြစ်နံ့သာ၊ အနှစ်နံ့သာနှင့် အပွင့်နံ့သာဟူ၍ မွှန်မြတ်သော နံ့သာသုံးမျိုးကို ဟောကြားတော်မူ၏။ ထိုနံ့သာတို့သည် လေစုန်မှာသာ မွှေးရနံ့သင်းပျံ့၏။ လေကို ဆန်၍ သင်းပျံ့ခြင်း မရှိချေ။ လေဆန်၍ မွှေးပျံ့သင်းကြိုင် ရနံ့လှိုင်သော ပန်းနံ့သာရှိသလော'ဟု စဉ်းစားပြီး မြတ်စွာဘုရားအထံသွား၍ လျှောက်ကြား၏။ မြတ်စွာဘုရားသည် သူ၏ပြဿနာကို ဖြေရန် ဟောကြားတော်မူသည်။

> ပန်းရနံ့သည် လေညာသို့မသွား၊ စန္ဒကူးဖြစ်စေ၊ ဇလပ်ဖြစ်စေ၊ စံပယ်ကြက်ရှန်းဖြစ်စေ လေညာသို့မသွား၊ သူတော်ကောင်းတို့၏ အနံ့ကား လေညာသို့ သွား၏။ အလုံးစုံ အရပ်မျက်နှာတို့ကို လှိုင်၏။ စန္ဒကူး၊ ဇလပ်၊ ကြာနှင့် မြတ်လေးပန်း အပေါင်းတို့ထက် သီလရနံ့က မွှန်မြတ်၏။

## (၁၀) မဟာကဿပ(ရှင်မဟာကဿပ)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ အရှင်

mgyoe.com

mgyoe.com

မဟာကဿပသည် ပိပ္ပလိလိုဏ်၌ နိရောဓသမာပတ် ဝင်စားနေ၏။ သမာပတ်မှ ထသောအခါ ဆင်းရဲသူတို့အား ချီးမြှောက် မ စသောအားဖြင့် ဆွမ်းအလှူခံအံ့ဟု ရာဇဂြိုဟ်မြို့သို့ ရှေးရှုလာတော်မူ၏။ ထိုအခါ သိကြားမင်းသည် ဆင်းရဲသား ရက်ကန်းသည် အိုယောင်ဆောင်၍ ဆွမ်းလှူကာ ကြွေးကြော်သွား၏။ ဝမ်းမြောက်ရွှင်လန်းစွာ ဥဒါန်းကျူးရင့်သွားသော သိကြား၏ အသံကို ကြားရ၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ဓမ္မတရား ဟောကြားတော်မူသည်။

ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏ အနံ့သည် အနည်းငယ်မျှသာ
သီလရှိသောသူတို့၏ ကျော်စောခြင်း အနံ့သည် လွန်ကဲ
ထူးမြတ်၍ နတ်ပြည်ဟှာ တိုင်အောင် ရနံ့လှိုင်၏။

## (၁၁) ဂေါဓိက (ရဟန်း)

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ နေတော်မူသောအခါ အရှင်ဂေါဓိကသည် ဣသိဂိလိတောင်၌ ဝိပဿနာအလုပ်ကို မဆုတ်မနစ်ကြိုးစားအားထုတ်နေ၏။ မမေ့မလျော့သော လုံ့လဝီရိယကြောင့် စိတ်လွတ်မြောက်ခြင်း၊ စေတောဝိမုတ္တိကို တွေ့ထိလျက်မြဲနေသော ရောဂါကြောင့် မကြာခဏပြန်ပြီး လျှောကျ၏။ ထိုအကြောင်းကို မာရ်နတ်သိသဖြင့် တစ်နေရာမှ အကဲခတ်ကြည့်ရှုနေ၏။ သို့ဖြင့် အရှင်ဂေါဓိက ပရိနိဗ္ဗာန်ဝင်စံလေရာ မာရ်နတ်သည် သူ၏လားရာဂတိကို လိုက်၍ရှာ၏။ ထိုအခါ မြတ်စွာဘုရားသည် မာရ်နတ်ကိုခေါ်၍ မိန့်ကြားတော်မူသည်။

သီလနှင့်ပြည့်စုံကုန်သော၊ မမေ့မလျော့ နေလေ့ရှိကုန်
သော၊ ကောင်းစွာသိ၍ လွတ်မြောက်ကုန်သောသူတို့၏ခရီး
လမ်းစကို မာရ်နတ်ရှာ၍ မရနိုင်ချေ။

mgyoe.com

mgyoe.com


## (၁၂) ဂရဟ ဒိန္န (သူကြွယ်)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တက္က တွန်းတပည့်ဖြစ်သော ဂရဟ ဒိန္နသည် ယုတ်မာသောအကြံဖြင့် ဘုရား ရှင်ကို သံဃာနှင့်တကွ ဆွမ်းပင့်ဖိတ်၏။ သူသည် ကျယ်စွာသော တွင်း၌ ရှားမီးစုဖြင့် ပြည့်စေလျက် တွင်းပေါ်၌ကြိုးတန်း၍ ပျဉ်ခင်းပြီး နေရာပြင်ထား၏။ ရဟန်းငါးရာနှင့်တကွ ဘုရားရှင်ကြွတော်မူလျှင် မီးခဲစုမှ လှည်းဘီးမျှရှိသော ပဒုမ္မာ ကြာချပ် ငါးရာတို့ပေါက်ကုန်၏။ ဘုရားရှင်သည် သံဃာနှင့်တကွ ပဒုမ္မာကြာချပ်၌ နေတော်မူ၏။ ဂရဟ ဒိန္နသည် ဤအံ့ဖွယ်သရဲကို မြင်လျှင် ထိတ်လန့်သောစိတ်ရှိသည် ဖြစ် ၍ ဘုရားရှင်ကို ကန်တော့ဝန်ချပြီးလျှင် ရိုသေစွာ ဆွမ်းလုပ်ကျွေး၏။ ဘုရားရှင်သည် ဆွမ်း အနုမောဒနာပြုခြင်း၌ ဓမ္မတရား ဟောကြား တော်မူသည်။

ခရီးလမ်းမတွင် စွန့်ပစ်ထားသော အမှိုက်ပုံ၌ နှစ်သက်စဖွယ်
လှပမွှေးကြိုင်သော ကြာပန်းပေါက်သကဲ့သို့ အမှိုက်ပုံသဖွယ်
လူတို့အလယ်၌နေသော ဗုဒ္ဓတပည့်သည် ပညာမျက်စိမရှိသော
လူသာမန်တို့ကို ပညာဖြင့် လွန်ကဲ၏။

■

mgyoe.com

mgyoe.com

# ဗာလဝဂ္ဂ
## လူမိုက်တရားစု

### (၁) ပသေနဒိ ကောသလ (မင်းကြီး)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒိကောသလမင်းကြီးသည် သူတစ်ပါးမယား၌ တပ်မက်သောစိတ်ရှိသည်ဖြစ်၍ လင်ကိုခေါ်ပြီး တစ်ယူဇနာဝေးကွာသောအရပ်၌ ကုမုဒြာကြာနှင့် အရုဏဝတီမြေကို ယူရန်စေခိုင်းလိုက်၏။ ညဥ့်အခါ ရာဂစိတ်ဖြင့် အိပ်လေသော် တရေးနိုး၌ 'ဒု သ န သော'ဟူသော အသံကြီးလေးခွန်းကိုကြား၍ ထိတ်လန့်သောစိတ်ဖြင့် မအိပ်နိုင်ဘဲ မိုးသောက်လျှင် မြတ်စွာဘုရားအထံသို့ လာ၍ အကြောင်းကို လျှောက်၏။

"အရှင်ဘုရား၊ အိပ်၍မပျော်သောသူအား ညဥ့်တာရှည်လှပါ၏" ဟု လျှောက်၏။ ထိုအခါ မင်းကြီးစေခိုင်းလိုက်သော ယောကျ်ားလည်း ရောက်လာ၍ "အရှင်ဘုရား၊ ခရီးပန်းသောသူအား ယူဇနာခရီးသည် ရှည်လှစွာ၏"ဟု လျှောက်ရာ ဘုရားရှင်လည်း သူတို့ကိုအကြောင်းပြု၍ ဓမ္မတရားဟောကြားတော်မူသည်။

အိပ်၍ မပျော်သောသူအား ညဥ့်တာရှည်၏။

mgyoe.com

mgyoe.com


ခရီးပန်းသူအား ယူဇနာခရီးသည် ရှည်၏။
သူတော်ကောင်းတရားကို မသိသောသူမိုက်တို့အား သံသရာ ရှည်၏။

## (၂) မဟာ ကဿပ သဒ္ဓိဝိဟာရိက (ရှင်မဟာကဿပ၏တပည့်)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်၌ သီတင်းသုံး၏။ သူ၏တပည့် တစ်ယောက်သည် သူ၏အဆုံးအမကို မနာယူချေ။ ဆုံးမသည်ကို ရန်ငြိုးဖွဲ့လျက် သူဆွမ်းခံကြွခိုက်တွင် ကျောင်းကို မီးတိုက်၍ ထွက်ပြေး လာ၏။ ထိုအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားအား လျှောက် ကြားကြ၏။ ဘုရားရှင်သည် ထိုတပည့်မိုက်ကို အကြောင်းပြု၍ ရဟန်း တို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်။

တရားကျင့်သောသူသည် မိမိထက်မြတ်သည်ကိုလည်းကောင်း၊ မိမိနှင့်တန်းတူကိုလည်းကောင်း၊အကယ်၍မရလျှင် တစ်ယောက် တည်းကျင့်ခြင်းကို မြဲစွာပြုရာ၏။ သူမိုက်၌ အဆွေခင်ပွန်း အဖြစ် မရှိချေ။

## (၃) အနန္ဒ သေဋ္ဌိ (သူဌေး)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိ ပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော အာနန္ဒသူဌေးသည် အလွန်ဝန်တို သည်ဖြစ်၍ မိမိလည်း မစားမသုံးရက်၊ သူတစ်ပါးတို့အားလည်း မပေး မကမ်းရက်၊ မူလသိရီ မည်သော မိမိသားကိုလည်း “ငါကဲ့သို့ နမြော စုံမက်ရမည်” ဆုံးမ၏။ ထိုသူဌေးသည် သေ၍ ဒွန်းစဏ္ဍားမျိုး၌ ဖြစ်၏။ အရွယ်ရောက်လျှင် ခွက်လက်စွဲ၍ တောင်းစားခြင်းငှာ လှည့်လည် သည်ရှိသော် ဘုရားရှင်မြင်၍ သား မူလသိရီသူဌေးကို ခေါ်ပြီးသော်

mgyoe.com

mgyoe.com


အာနန္ဒာသူဌေး ဝင်စားကြောင်း မိန့်တော်မူ၍ မြေ၌မြှုပ်ခဲ့သော အိုးငါးလုံးကို ဖော်စေပြီး ဓမ္မတရား ဟောကြားတော်မူသည်။

ငါ့အား သားသမီး ဥစ္စာပစ္စည်းရှိ၏ဟု သူမိုက်သည် စိုးရိမ်ပူပန်၏။ သို့ရာတွင် မိမိအား အတ္တမျှ မရှိဘဲလျက် အဘယ်မှာ သားသမီး ဥစ္စာရှိမည်နည်း။

## (၄) ဂဏ္ဌိက ဘေဒက (ခါးပိုက်နှိုက်)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥစ္စာထုပ်ကို ဖြေတတ်သော ခိုးသူ (ခါးပိုက်နှိုက်) နှစ်ယောက်တို့သည် တရားနာလာသူတို့နှင့်တကွ ကျောင်းတော်သို့လာကုန်၏။တစ်ယောက်သည် တရားတော်ကို နာ၍ သောတာပန်တည်၏။ တစ်ယောက်ကား သူတစ်ပါး၏ဥစ္စာထုပ်ကို ဖြေ၍ခိုး၏။ အိမ်သို့ပြန်ကုန်သည်ရှိသော် ခိုးယူခဲ့သူသည် "သင်ကား မိုက်သောကြောင့် တရားနာနေ၍ တစ်စုံတစ်ရာမရ။ ငါကား ဤမျှသော ဥစ္စာကိုရသည်"ဟု ဆို၏။ သောတာပန်တည်သော ခိုးသူသည် ဤအကြောင်းကို လျှောက်ရာတွင် ဘုရားရှင် တရားပြတော်မူသည်။

သူမိုက်သည် မိမိမိုက်သောအဖြစ်ကို သိပါလျှင် ပညာရှိသော်လည်း ဖြစ်နိုင်သေး၏။ မိုက်လျက်လည်း ငါပညာရှိဟုထင်မှတ်နေသူကို စင်စစ်သူမိုက်ဟု ဆိုထိုက်၏။

## (၅) ဥဒါယီ (ရဟန်း)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥဒါယီရဟန်းသည် ဓမ္မသဘင်သို့သွားပြီး တရားဟောဓမ္မကထိက ထိုင်သောနေရာ၌ နေလေ့ရှိ၏။ အာဂန္တုရဟန်းများ တွေ့မြင်လေရာ ဗဟုသုတပြည့်ဝသော ပုဂ္ဂိုလ်ကြီးဖြစ်လိမ့်မည် ထင်ကြ၍ ခန္ဓာ၊ အာယတန

mgyoe.com

mgyoe.com


စသည်တို့နှင့် စပ်လျဉ်းသော ပြဿနာ မေးလျှောက်ကြ၏။ သူကား ဘာမျှမသိချေ။ သို့ကြောင့် ရဟန်းတို့က "သူဘယ်သူလဲ။ မြတ်စွာဘုရားနှင့် အတူနေလျက် ခန္ဓာအာယတနမျှ မသိလေ။ အဘယ်ကြောင့် တရားဟော ပလ္လင်ပေါ်တက်နေဘိသနည်း"ဟု ကဲ့ရဲ့ကာ မြတ်စွာဘုရားအားလျှောက်ကြားကြ၏။ ဘုရားရှင်သည် ဥဒါယီကို အကြောင်းပြု၍ ရဟန်းတို့အား ဓမ္မတရား ဟောကြားတော်မူသည်။

ယောက်မသည် ဟင်းအရသာကို မသိသကဲ့သို့ သူမိုက်သည် အသက်ထက်ဆုံးပညာရှိနှင့်အတူနေသော်လည်းသူတော်ကောင်း တရားကို မသိချေ။

## (၆) တိံသပါဝေယျက (ရဟန်းသုံးဆယ်)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပါဝေယျ တိုင်းသား ရဟန်းသုံးဆယ်တို့ ရှိကြ၏။ သူတို့သည် မြတ်စွာဘုရား ကပ္ပာသိက တောတွင်နေစဉ်အခါက မင်းသားများအဖြစ်ဖြင့် မိန်းမတစ် ယောက်ပျောက်၍ လိုက်ရှာကြရာ မြတ်စွာဘုရားနှင့် တွေ့ကြုံကာ တရားနာရသဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်ရှာကြ၍ သောတာပန်များ ဖြစ်ကြကာ ရဟန်းပြုကြ၏။ ထိုနောက် အနမတဂ္ဂသုတ်ဖြင့် ရဟန္တာ ဖြစ်လေကုန်၏။ ဤရဟန်းသုံးကျိပ်တို့ လျင်မြန်စွာ တရားသိကုန်၏ ဟု တရားသဘင်၌ ရဟန်းတို့ပြောဆို ချီးမွမ်းကြရာတွင် ဘုရားရှင် တရားဟောပြတော်မူ၏။

လျှာသည် ဟင်းအရသာကို လျင်မြန်စွာသိသကဲ့သို့၊ အသိအလိမ္မာ ဉာဏ်ပညာရှိသူသည် ပညာရှိကို တစ်ခဏမျှ ဆည်းကပ်ရလျှင် လျင်စွာ တရားသိ၏။

mgyoe.com